# စက်မှုအလင်း ဂျာနယ်

**Beacon of Industry**

အတွဲ ၂၊ အမှတ် ၁၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၇) အစည်းအဝေးကျင်းပ




အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၇) အစည်းအဝေးကို ဇန်နဝါရီလ ၉ ရက်နေ့၊ နံနက် ၁၀ နာရီက နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားသည်။ (ပုံ)


စာ – ၃


## နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိသည့်စက်ရုံဖြစ်သည့်အတွက် အင်တိုက်အားတိုက် အမြန်ဆုံးပြီးစီးအောင် ကြိုးစားဆောင်ရွက်


စာ – ၂






ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ချို့နှင့်ဦးကျော်ဝင်း အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အားကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
# မန္တလေးတိုင်းအတွင်းရှိ စက်ရုံများနှင့်စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့အားကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့ရှိ အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ) သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံနောက်ခံသမိုင်း၊ တပ်ဆင်ထားသည့်ကုန်ထုတ်စက်များအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ထုတ်ကုန်ပစ္စည်းများ၊ အမယ်သစ်များထုတ်လုပ်ရန်လျာထားဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအခြေအနေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်အစီအမံများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့်အဝတ်အထည်များ ထုတ်လုပ်နိုင်မှသာ ဈေးကွက်တွင်ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့်ကုန်ပစ္စည်းများ၏အရည်အသွေး ကောင်း/မကောင်းကို သုံးစွဲသူပြည်သူများမှဆုံးဖြတ်မည်ဖြစ်ရာ အရည်အသွေးကောင်းမွန်သည့် အဝတ်အထည်များထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ရောင်းအားတက်စေရန်ဆွဲဆောင်မှုရှိသည့် Packing Design အသစ်များဖြင့်ထုပ်ပိုး၍ အရည်အသွေးမြင့်ပစ္စည်းများရောင်းချရန်နှင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်သူအများသိရှိစေရန် ကြော်ငြာပေးရန်လိုကြောင်း၊ ဈေးကွက်ကိုမျက်ခြေမပြတ်လေ့လာ၍ တီထွင်ဆန်းသစ်မှုများကို အမြဲတစေဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အထည်စက်ရုံခွဲ (မြင်းခြံ) သို့ရောက်ရှိပြီး ဆေးဝတ်၊ ပတ်တီးထုတ်လုပ်လျက်ရှိသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်ရုံမှ ထုတ်လုပ်သည့်ဆေးဝတ်နှင့်ပတ်တီးများသည် အရည်အသွေးကောင်းသည့်အပြင် သတ်မှတ်ထားသည့်အတိုင်းအတာ၊ စံချိန်စံညွှန်းများအတိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည်ကို ပြည်သူများသိရှိအောင် Packing Design တွင် ထည့်သွင်းရန်လိုကြောင်း၊ ဆန်းသစ်ထုတ်လုပ်လျက်ရှိသည့် ပြည်ပမှမှာယူတင်သွင်းနေရသောကျောက်ပတ်တီးများကိုလည်း ပြည်တွင်း၌အောင်မြင်အောင်၊ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းခြံခရိုင်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘွိုင်လာများကို အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရန်အတွက် စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း၊ ထို့အတူပြည်သူများအနေဖြင့် လျှပ်စစ်သုံးစွဲရာတွင် ခာတ်လိုက်မှု၊ မတော်တဆမှုများမဖြစ်စေရေးအတွက် ကျယ်ပြန့်စွာအသိပညာပေးရန်လိုကြောင်း၊ စစ်ဆေးရာတွင်အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) သို့ရောက်ရှိပြီး သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်သည့် ဘာသာရပ်များကိုသင်ကြားပေးရန်လိုကြောင်း၊ နည်းပြဆရာ/ဆရာမများအနေဖြင့် ဆရာကောင်းပီသစွာ မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာရပ်များဖြင့် သင်တန်းသားများအား ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်စေရန် စိတ်ရင်းစေတနာကောင်းဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနေသလို မိမိတို့ဘဝတိုးတက်စေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန်လိုကြောင်း၊ သင်ကြားမည့်ဘာသာရပ်များသည် Upgrade ဖြစ်ရန်လိုကြောင်းတို့ကိုလမ်းညွှန်မှာကြားပြီး သင်တန်းသားများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ) အား ကြည့်ရှုစစ်ဆေးစဉ်။

**မျက်နှာဖုံး မှ-**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူတို့သည် ဇန်နဝါရီလ ၇ ရက်နေ့၊ ညနေပိုင်းက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး စက်ရုံတည်ဆောက်ရေးလုပ်ငန်းများနှင့် စက်များတပ်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ စက်ရုံတည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးရှိသည့်စက်ရုံဖြစ်သည့်အတွက် အင်တိုက်အားတိုက်အမြန်ဆုံးပြီးစီးအောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ အပိုင်းလိုက်ပြီးစီးရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် သမာသမတ်ကျစွာဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံတည်ဆောက်ပြီးစီးပါက နည်းပညာများလွှဲပြောင်းလက်ခံ၍ မိမိတို့ကိုယ်တိုင်ကုန်ထုတ်လုပ်မှုများကို ဦးဆောင် ဆောင်ရွက်နိုင်သည်အထိ လေ့လာသင်ယူ၍ကုန်ထုတ်လုပ်မှုများကို တာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်းနှင့် စီမံကိန်းလုပ်ငန်းများအောင်မြင်အောင် ဝန်ထမ်းများက မိမိတို့တာဝန်များကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး ဝန်ထမ်းများပျော်ရွှင်စွာဖြင့် လုပ်ငန်းခွင်အာရုံစိုက်ဆောင်ရွက်နိုင်ရန် လိုအပ်သောစားဝတ်နေရေး၊ လုံခြုံစိတ်ချရသည့် ပြီးပြည့်စုံသောစက်မှုနယ်မြေတစ်ခုအဖြစ် ပြုပြင်မွမ်းမံဆောင်ရွက်သွားနိုင်ရန် အစီအမံများ ချမှတ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

မျက်နှာဖုံး မှ-

## အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၁၇) အစည်းအဝေးကျင်းပ

- စီမံကိန်းများရေးဆွဲရာတွင် ပြည်သူများအတွက် လတ်တလောလိုအပ်ချက်နှင့် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်အပိုင်းနှစ်ပိုင်းခွဲခြားမှုဖြင့် ဆောင်ရွက်ကြရမည်။
- ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစီမံကိန်းကြီးများကို နိုင်ငံတော်၏ခွင့်ပြုနိုင်မည့် ဘတ်ဂျက်ဘောင်အတွင်းက ပေါင်းစပ်ရေးဆွဲကြရန်လို။
- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကိုလည်း ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ စီးပွားရေးအရ တွက်ချေကိုက်မှုရှိ/မရှိ ပြည်သူများအတွက် အကျိုးရှိ/မရှိ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု/မပြု ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ/မရှိ ဘက်စုံလေ့လာဆန်းစစ်ရန်လိုအပ်။
- စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဗဟိုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ရန်အရေးကြီး။
- ယခင်ကဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို တတ်နိုင်သမျှဆောင်ရွက်သွားမည်ဖြစ်ပြီး မလုပ်နိုင်သည့်ကိစ္စရပ်များကို ရပ်ဆိုင်းရမည်။
- အမျိုးသားစီမံကိန်းများကို လွှတ်တော်သို့တင်ပြရမည်ဖြစ်။
- လွှတ်တော်၏တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ဝေဖန်မည်၊ အကြံပြုမည်၊ ခွင့်ပြုနိုင်သည်များလည်း ရှိမည်၊ ခွင့်မပြုခြင်းများလည်း ရှိနိုင်။
- ပြည်ထောင်စုလွှတ်တော်ကပေးသည့် အကြံဉာဏ်များကို လေးလေးနက်နက် သေသေချာချာစဉ်းစားပြီး ပြုသာ၊ ပြောင်းသာသည့်စီမံကိန်းမျိုးဖြစ်မည်ဆိုပါက မိမိတို့၏ရည်မှန်းချက်များ အောင်မြင်မည်ဟုယုံကြည်။

# ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများအား စက်မှုဝန်ကြီးကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ် (၃၆) အကြီးစားစက်ရုံဝင်းအတွင်း ရဟတ်ယာဉ်ကွင်းတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရဟတ်ယာဉ်ကွင်းအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ထားသည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးပါက ရဟတ်ယာဉ်များဆင်းသက်နိုင်ရေးအတွက် လေကြောင်းညွှန်ကြားမှုဦးစီးဌာနနှင့် တရားဝင်ညှိနှိုင်းထားရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် International Glass Co., Ltd. သို့ငှားရမ်းထားသည့် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) သို့ရောက်ရှိပြီး စက်ရုံရှုရပ်ရှင်းလင်းဆောင်၌ စက်ရုံမှူးက ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ စက်ရုံငှားရမ်းထားသည့် International Glass Co.,Ltd. မှလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ စက်ပစ္စည်းများ မွမ်းမံ/တိုးချဲ့တပ်ဆင်ထားသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့် မှန်များထုတ်လုပ်နိုင်မှသာ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် မှန်များ၏ အရည်အသွေးကောင်း/မကောင်းကို သုံးစွဲသူပြည်သူများမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည် အသွေးကောင်းမွန်သည့် မှန်များထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ထုတ်လုပ်သည့်မှန်များ အရည်အသွေးကောင်းမွန်မှသာ ဈေးကွက်ဝေစုများများရရှိမည်ဖြစ်ကြောင်း၊ ရောင်းအားတက်စေရန်ကြော်ငြာပေးရန်နှင့် မှန်ပြခန်းဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မှန်စားပွဲများပြုလုပ်ရာတွင် အရည်အသွေးမြင့်ပစ္စည်းများအသုံးပြုရန်နှင့် Customer များအား ဆွဲဆောင်မှုရှိမည့် Design များဖြင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများပျော်ပျော်ရွှင်ရွှင်ဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ရန် စီမံပေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏မိသားစုလုပ်ငန်းကဲ့သို့သဘောထား၍ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံငှားရမ်းကုမ္ပဏီအနေဖြင့် ရရှိသည့်အမြတ်အစွန်းများမှ သင့်လျော်သည့်ရာခိုင်နှုန်းဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်လိုကြောင်း လမ်းညွှန်မှာကြားပြီး မှန်ထုတ်လုပ်သည့် နည်းစဉ်အဆင့်ဆင့်နှင့် Control Room တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) သို့ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ထားရှိသည့် စတီးလ်အိမ်သုံးပစ္စည်းများ ခင်းကျင်းပြသထားရှိသည့်အခြေအနေ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့် ပလတ်စတစ်လူသုံးကုန်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မှာယူထားသည့် ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပရိဘောဂများ ထုတ်လုပ်လျက်ရှိသည့်အခြေအနေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်အစီအမံများ၊ ထုတ်ကုန်အမယ်သစ်များ စမ်းသပ်ထုတ်လုပ်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စတီးလ်ပစ္စည်းများနှင့် ပလတ်စတစ်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ဈေးကွက်လေ့လာရေးအဖွဲ့များ ဖွဲ့စည်း၍ ဈေးကွက်သုတေသနပြုလုပ်ရန်၊ ပြည်သူလူထု လက်ခံသုံးစွဲလာအောင် ဆွဲဆောင်မှုရှိသည့် Design များဖြင့် လှပခိုင်ခံ့သည့်ပစ္စည်းများထုတ်လုပ်ရန်၊ ပြည်သူလူထုကြိုက်နှစ်သက်သည့် ထုပ်ပိုးမှုပုံစံဖြစ်စေရေး ပြုပြင်ဆောင်ရွက်ရန်၊ မိမိထုတ်ကုန်ပစ္စည်းများကို ပြည်သူများသိရှိအောင် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာရန်၊ ထုတ်ကုန်အမယ်သစ်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်ကုန်အရည်အသွေး တိုးတက်စေရေးအတွက် တီထွင်ဆန်းသစ်မှုပြုလုပ်နိုင်သူများကိုအသိအမှတ်ပြု၍ ထိုက်တန်စွာချီးမြှင့်ရန်၊ လုပ်ငန်းများတိုးတက်အောင်မြင်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကောင်းစိတ်ဓာတ်မွေးမြူ၍ ပေးအပ်သည့်တာဝန်များကို တက်တက်ကြွကြွဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



# အန္တရာယ်တွေကြားမှ Android

ဆန်ဖရန်စစ္စကိုအခြေစိုက် အမေရိကန် Software ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Niantic, Inc ကုမ္ပဏီက Japan Nintendo Game ကုမ္ပဏီနဲ့ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှာထုတ်လုပ်ခဲ့တဲ့ Poke'mon Go Mobile Game လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့ပြီး ၆ လအကြာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ Nintendo ကုမ္ပဏီက 'Super Mario Run' Mobile Game ကို ထုတ်လုပ်ခဲ့ရာ လူကြိုက်များရေပန်းအစားဆုံးနဲ့ လူမှုရေးအကျိုးသက်ရောက်မှုအကြီးဆုံး Game ဖြစ်လာခဲ့ပါတယ်။







လူကြိုက်များရေပန်းစားနေသော Poke'mon Go နှင့် Super Mario Run

ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ iOS တွေမှာသာ ကစားနိုင်တဲ့ 'Super Mario Run' Game ဟာ အခုဆိုကမ္ဘာတစ်ဝှမ်းလုံးမှာ ရေပန်းအစားဆုံးဖြစ်လာပါပြီ။ ဒါပေမဲ့ Android ဖုန်းတွေမှာတော့ မရသေးဘဲ ၂၀၁၇ ခုနှစ်မှာမှရနိုင်တယ်လို့ သိရပါတယ်။ ဒီ Game ဟာ Nintendo ရဲ့ပထမဦးဆုံးသော Mobile Game တစ်ခုဖြစ်ပြီး Nintendoi ကိုယ်ပိုင် Hardware မဟုတ်တဲ့ပြင်ပ OS တစ်ခုမှာစတင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ Free to play Mobile Game မဟုတ်ဘဲ အခကြေးငွေနဲ့ဝယ်ယူထည့်သွင်းကစားရတာဖြစ်ပါတယ်။ ပြီးတော့ ဒီ Mobile Game ကိုစတင်ထုတ်လုပ်ပြီး ၄ ရက်အကြာမှာ Download လုပ်တဲ့အကြိမ်ပေါင်း သန်း ၄၀ ကျော်ရှိခဲ့တယ်ဆိုတာကို မယုံနိုင်အောင် သိရှိရပါတယ်။

ဒါပေမဲ့ ဒီ 'Super Mario Run' Mobile Game ကို Android ဖုန်းတွေမှာ ထည့်သွင်းမယ်ဆိုရင်တော့ လုံးဝအန္တရာယ်ရှိတဲ့ Malware တစ်ခုဖြစ်တယ်လို့ ဆောင်းပါးရှင် Swati Khandel Wal ကဆိုပါတယ်။




လောလောဆယ်မှာတော့ iOS device တွေမှာသာ ထည့်သွင်းကစားနိုင်ပြီး Google Play ကတောင် ဝယ်ယူလို့မရသေးတဲ့အတွက် Android device တွေ အသုံးပြုနေသူတွေ အကြားမှာ စိတ်ပျက်လက်ပျက် ဖြစ်စေခဲ့ရပါတယ်။ ဒါကြောင့် နောက်ဆုံးမှာတော့ Mario Game တွေကိုချစ်တဲ့ Android device အသုံးပြုသူ အများစုဟာ Google Play Store က တရားဝင်ထုတ်ပြန်တာကို မစောင့်နိုင်တော့ဘဲ အခြား app store တွေက down ပြီး ကစားနေကြရတာနဲ့ဇာတ်သိမ်းကြရတော့မှာပါ။

ဒါပေမဲ့ အဲဒီလိုယုံကြည်စိတ်ချမှုမရှိတဲ့ Android app stores အများအပြားထဲကနေ download လုပ်ခဲ့တဲ့ အတုအယောင်တရားမဝင် Super Mario app တွေဟာ တရားဝင်ထုတ်လုပ်တဲ့ 'Super Mario Run' app ကို လိုက်လံတုပထားတဲ့ Malware၊ ဒါမှမဟုတ် ဗိုင်းရပ်စ်တွေအဖြစ်ကို နောက်ဆုံးပြောင်းလဲသွားရမှာပါ။

အဲဒီလို Third party application store တွေကို download လုပ်မယ်ဆိုရင် အသုံးပြုသူတွေအနေနဲ့ မယုံကြည်ရတဲ့အရင်းအမြစ်များ (Untrusted sources) ကတစ်ဆင့် app တွေရယူနိုင်ဖို့ သူတို့ရဲ့ Android device တွေရဲ့လုပ်ဆောင်မှုစနစ် (OS) ရဲ့လုံခြုံရေးစနစ်တွေကို အထိုးဖောက်ခံရမှာဖြစ်ပါတယ်။

အချို့သောမလိုလားအပ်တဲ့ app တွေဟာ သင်ရဲ့ Andriod device တွေရဲ့စာသား Message တွေကို တည်းဖြတ်၊ ဖတ်ရှု၊ လက်ခံ/ပေးပို့တာတွေ၊ ဓာတ်ပုံနဲ့ Video တွေကို ရယူတာတွေ၊ GPS ကိုအသုံးပြုပြီး သင့်ရဲ့တည်နေရာကို ခြေရာခံတာတွေစတဲ့ အထူးအခွင့်အရေးတွေကိုရယူပြီး အပြည့်အဝထိန်းချုပ်လုပ်ဆောင်သွားနိုင်တယ်လို့ ဆိုပါတယ်။

တိုကျိုအခြေစိုက် Trend Micro Antivirus ကုမ္ပဏီတစ်ခုရဲ့ စစ်ဆေးဖော်ထုတ်ချက်အရတော့ ဒီနှစ်အတွင်းမှာ Super Mario တရားမဝင် App ပေါင်း ၉၀,၀၀၀ ကျော်ကို ဖော်ထုတ်ရရှိခဲ့ပြီး အဲဒီအထဲက App တစ်ခုဟာဆိုရင် icon တစ်ခုအသစ်ဖန်တီးခြင်း၊ Pop-up နဲ့ banner ads များ ထည့်သွင်းဖော်ပြခြင်းနဲ့ အခြားတရားမဝင် Apps တွေကို ထည့်သွင်းခြင်းတို့ကို ယင်းတို့ပစ်မှတ်ထားတဲ့ Smart Phone တွေမှာ လုပ်ဆောင်ခဲ့ရုံသာမက ဖုန်းအသုံးပြုသူတွေတောင် မသိလိုက်ရဘဲ ကျူးကျော်ဝင်ရောက်မှုအများအပြားကို လုပ်ဆောင်ခဲ့တယ်လို့သိရပါတယ်။

'အဲဒီကြော်ငြာ ဒါမှမဟုတ် icon တွေကိုဝင်ရောက်တာနဲ့ ညစ်ညမ်းဗီဒီယို Site တွေနဲ့ တရားမဝင် Website တွေကိုသွားဖို့ တိုက်တွန်းလုပ်ဆောင်တော့တာပါပဲ။ ဒါ့အပြင် အခြားသော Application တွေကိုပါထည့်သွင်းဖို့ User တွေကို တရားမဝင်ဆွဲဆောင်စည်းရုံးတော့တာပါပဲ' လို့လည်း Trend Micro Antivirus ကုမ္ပဏီက သုတေသနသမားတွေကပြောပါတယ်။

Application အတော်များများက တရားဝင်ထုတ်လုပ်ဖြန့်ချိခဲ့တာဖြစ်ပေမယ့် third party App Store တွေကဖြန့်ချိတဲ့ Application အချို့ဟာ သံသယဖြစ်ဖွယ်ကောင်းသလို အဲဒီထဲမှာ Application တွေကို စီမံခန့်ခွဲပိုင်ခွင့်တောင်းဆိုလာတာတွေကို တွေ့ရတယ်လို့လည်း ဆိုပါတယ်။

အဲဒီ Antivirus ကုမ္ပဏီကဖော်ထုတ်တွေ့ရှိခဲ့တဲ့ 'Super Mario' Application တစ်ခုဆိုရင် အသုံးပြုသူတွေကို '9 Apps' လို့ခေါ်တဲ့ Application တစ်ခုကိုထည့်သွင်းဖို့ ပထမဦးဆုံးတိုက်တွန်းပါတယ်။ ပြီးရင် အသံဖမ်းခြင်း၊ ဖုန်းမှာပါတဲ့ Calendar ကို ဝင်ရောက်ဖတ်ရှုခြင်း၊ ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်နိုင်တဲ့အပြင် SD Card ထဲမှာရှိတဲ့ သတင်းအချက်အလက်တွေကိုဖျက်ပစ်နိုင်ခြင်းစတဲ့ User rights တွေကိုပါ ဝင်ရောက်စိုးမိုးခြယ်လှယ်တော့တယ်လို့ သိရပါတယ်။

**ဒါဆိုဘယ်လိုကာကွယ်မလဲ?**




ဒါကြောင့် Android အသုံးပြုသူတွေအနေနဲ့ ကိုယ်မသိတဲ့၊ ရင်းနှီးကျွမ်းဝင်မှုမရှိတဲ့ third party App Store တွေကနေပြီး Application တွေ download လုပ်မယ့်အစား တရားဝင် Google Play Store ကဖြန့်ချိမယ့် Application တွေကိုသာ စောင့်ဆိုင်းအသုံးပြုဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုလုပ်နိုင်တာကတော့ သင့်ဖုန်းရဲ့ Setting ထဲက Security ကဏ္ဍကိုဝင်ရောက် ပြီး 'Unknown Sources' ကို Off လုပ်ထားတာက လုံခြုံစိတ်ချရတယ်လို့ဆိုပါတယ်။ ကဲ သူများတွေကစားနေတဲ့ နောက်ဆုံးပေါ် 'Super Mario Run' Game မြင်တိုင်း ကိုယ့်ရဲ့ Android ဖုန်းမှာ download လုပ်ပြီး ကစားကြဦးမှာလား။

**သန့်ဇော်အေး (AMT)**

ကိုးကားချက်။ 'Did you install Super Mario Run Apk for Android? That's malware' by Swati Khandel Wal (27.12.2016): 'The Hacker News'

## စာမူနှင့် သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့် စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry @ gmail. com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။


**စက်မှုအလင်းဂျာနယ်**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ သံမဏိစက်ရုံ (ပင်းပက်) တွင်ပြုလုပ်

ဝန်ထမ်းများတစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုပိုမိုရရှိရေး၊ နိုင်ငံအတွက် အားကစားသမားကောင်းများပေါ်ထွက်လာရေး၊ စည်းလုံးညီညွတ်မှုပိုမိုရရှိနိုင်ရေး၊ ကျန်းမာသန်စွမ်းသည့် ဝန်ထမ်းများဖြစ်လာစေရေး၊ အသင်းအဖွဲ့စိတ်ဓာတ်များဖြစ်ပေါ်လာရေး၊ အခက်အခဲကို မဆုတ်မနစ်သောဇွဲ၊ စိတ်ဓာတ်ဖြင့် ရည်မှန်းချက်ရောက်ရှိအောင်ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ ၂၂ ရက်နေ့မှစ၍ နေ့စဉ်ညနေပိုင်းရုံးဆင်းချိန်များ၌ အားကစားအမျိုးအစားအလိုက်နေရာများခွဲကာ စက်ရုံမှူး ဦးမင်းသူဦးစီး၍ပြုလုပ်ခဲ့သည်။

ဖူဆယ်ဘောလုံး၊ ကြက်တောင်ရိုက် (ကျား/မ)၊ ဘော်လီဘော (ကျား/မ)၊ လွန်ဆွဲ (ကျား/မ) ပြိုင်ပွဲများအပါအဝင် အမျိုးသားအားကစားပြိုင်ပွဲအမျိုးအစား ၁၄ မျိုး၊ အမျိုးသမီးအားကစားပြိုင်ပွဲ ၁၁ မျိုးနှင့်ကလေးသူငယ်အားကစားနည်း ၃ မျိုးတို့ပါဝင်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့၌ ဖူဆယ်ဘောလုံးဗိုလ်လုပွဲကိုကျင်းပပြုလုပ်ရာ စက်ရုံမှူးနှင့်အရာထမ်း၊ အမှုထမ်း ၂၂၅ ဦးတက်ရောက်ကြည့်ရှုအားပေးပြီး အားကစားနည်းအလိုက် ဆုရရှိသောဝန်ထမ်းများ၊ မှီခိုသူမိသားစုများကို ဆုတံဆိပ်များ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

**စိုးမြင့် (ကျွန်းလှ)**



## အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ



(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့်မိသားစုပျော်ပွဲရွှင်ပွဲကို အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)၊ ဝိဇယ-မင်္ဂလာဓမ္မာရုံရှေ့ အားကစားကွင်းတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက် ၇ နာရီကကျင်းပပြုလုပ်ရာ စက်ရုံမှူးဦးသန့်ဇင်ဆွေတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲများအဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တာတိုအပြေးပြိုင်ပွဲ၊ စက်ဘီးအနှေးစီးပြိုင်ပွဲ၊ ဖယောင်းတိုင်မီးထွန်းပြိုင်ပွဲ၊ အပ်ချည်ကြိုးထိုးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲနှင့်ပူစီပေါင်းဖောက်ပြိုင်ပွဲများပါဝင်ပြီး ဝန်ထမ်းနှင့်မိသားစုများက တပျော်တပါးပါဝင်ဆင်နွှဲကြကာ အားကစားပြိုင်ပွဲအလိုက် ဆုရသူများအား စက်ရုံမှူးနှင့်ဌာနကြီးမှူးများက ဆုများချီးမြှင့်ခဲ့ကြကြောင်းသတင်းရရှိသည်။

## ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်း (၁/၂၀၁၇) ဖွင့်လှစ်

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၉ ရက်နေ့၊ နံနက် ၉နာရီက အမှတ် (၁၉၂) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ဘွိုင်လာသင်တန်းခန်းမတွင်ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားကာ သင်တန်းဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းကို ဘွိုင်လာကိုင်တွယ်သုံးစွဲရာတွင် ယခင်ကထက်ပိုမိုကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းကာကွယ်နိုင်စေရန်၊ ဘွိုင်လာမတော်တဆမှုများလျော့နည်းပပျောက်စေရန်၊ ဘွိုင်လာနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လောင်စာစွမ်းအင်ကို အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ခြင်းဖြင့် ဘွိုင်လာများသက်တမ်းကြာရှည်စွာနှင့် စွမ်းရည်ပြည့်အသုံးပြုနိုင်စေရန်၊ လောင်စာကြောင့် ဖြစ်ပေါ်လာနိုင်သောသဘာဝလူမှုကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို လျှော့ချနိုင်စေရန်၊ ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊ စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ပြီး လုပ်ငန်းခွင်နယ်ပယ်၌ အကျိုးရှိထိရောက်စွာအသုံးချနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများမှ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူ ဝန်ထမ်းများ၏စွမ်းရည်မြှင့်တင်ပေးခြင်းဖြစ်သည့်အပြင် စက်ရုံအလုပ်ရုံလုပ်ငန်းခွင်သို့မဝင်ရောက်ရသေးသည့် သင်တန်းသားများ၏ အလုပ်အကိုင်ရရှိရေးအားအာမခံချက်ပေးသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အား တိုက်ရိုက်ပံ့ပိုးပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ညွှန်ကြားရေးမှူးချုပ်က ထည့်သွင်းပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၀၂ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ (၉-၁-၂၀၁၇) မှ (၁၇-၂-၂၀၁၇) ရက် နေ့ထိ ရက်သတ္တပတ် ၆ ပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မင်းထွဏ်း**

## (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများကျင်းပ

အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကျင်းပခဲ့သည့် စက်ရုံဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ၏ အားကစားပြိုင်ပွဲများဖြစ်သည့် ဘောလီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများနှင့်ကလေးပြိုင်ပွဲများ၏ ဆုပေးပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၄ ရက်နေ့၊ (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့၌ ကျင်းပခဲ့ရာ စက်ရုံမှူး၊ ဒုတိယစက်ရုံမှူးနှင့်အရာထမ်းများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



## အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) တွင် လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲများ ပြုလုပ်



ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) ၏အားကစားကွင်း၌ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့်မိသားစုဝင်များ၊ သင်တန်းသား/သူများသည် အားကစားပြိုင်ပွဲများအား နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

# စကားပြောသော မြင်ကွင်းများ

ကျော်သီဟ

ကျွန်တော်တို့ရဲ့အနီးအနားမှာ နေ့စဉ်လိုလို မြင်တွေ့နေရတဲ့အဖြစ်အပျက်တွေ၊ မြင်ကွင်းတွေက တစ်ခါတစ်ရံမှာ ဘဝအတွက်သင်ခန်းစာကောင်းတွေဖြစ်နေတတ်ပါတယ်။

အနုပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ တွေးခေါ်ပညာရှင်တွေကတော့ အဲဒီမြင်ကွင်းတွေ၊ အဖြစ်အပျက်တွေကနေတစ်ဆင့် တေးသီချင်းကောင်းတွေ၊ ကဗျာတွေ၊ ဝတ္ထုတွေ၊ ဒဿနတွေ တွေးထုတ်၊ ရွေးထုတ်သီကုံးတတ်ကြပါတယ်။

ကျွန်တော်က အနုပညာရှင်လည်းမဟုတ်၊ စာပေပညာရှင်၊ အတွေးအခေါ်ပညာရှင်လည်းမဟုတ်တော့ တေးသီချင်းတွေလည်းမသီဖွဲ့တတ်သလို ကဗျာတွေ၊ ဝတ္ထုတွေလည်း ရေးနိုင်စွမ်းမရှိပါဘူး။ မြင်မိတာလေးအပေါ် တွေးမိတာလေးကို ချရေးမိရုံပါဘဲ။

x x x

နေပြည်တော်က ကျွန်တော်နေတဲ့အိမ်ရာက တောင်ကုန်းမြေကိုဖြတ်၊ မြေညှိဆောက်ထားတာပါ။ အိမ်ရာရဲ့တစ်ဖက်မှာတော့ လျှိုသဖွယ်ဖြစ်နေပြီး အဲဒီလျှိုရဲ့ ၁၀ ပေအကျယ်၊ ပေ ၄၀ အရှည် ကုန်းမြေလေးမှာတော့ ခြံနွယ်၊ အမှိုက်သရိုက်တွေရှင်းပြီး ကျွန်တော်က သီးပင်စားပင်လေးတွေစိုက်ထားပါတယ်။ အိမ်ရာကိုစရောက်ကတည်းက စိုက်ထားခဲ့တာဆိုတော့ အပင်တွေကကြီး၊ အသီးတွေလည်းစားနေရပါပြီ။ အပင်အများစုကတော့သရက်၊ ပိန္နဲနဲ့ သဘော်ာပင်တွေပါ။

အဲဒီအခင်းထဲမှာ ကျွန်တော်က နှမြောလို့ မခုတ်ဘဲထားခဲ့တဲ့နဂိုရှိပြီး မလှပင်တစ်ပင်က ကျန်တဲ့အပင်တွေကြားထဲ အားယူပြီးတက်ခဲ့လို့ အခုတော့ ထိုးထိုးထောင်ထောင်နဲ့ အမြင့်ဆုံးဖြစ်နေပါပြီ။

ကျွန်တော်က အဲဒီအပင်အုပ်တွေနားက မြေထိန်းနံရံပေါ်မှာ မနက်၊ နေ့လယ်နဲ့ညနေပိုင်းတွေမှာ ရှဉ့်ကလေးတွေ၊ ငှက်ကလေးတွေစားဖို့ ငှက်ပျောသီးအစိတ်သေးသေးလေးတွေစိပ်ပြီး ထမင်းကြမ်းခဲလေးတွေနဲ့ နေ့တိုင်းလိုလိုကျွေးနေကျ။

x x x

ဒီနေ့မနက်မှာတော့ သူတို့အတွက် အစာချကျွေးခဲ့ပြီး အိမ်



အပေါ်ထပ်ကနေ သူတို့စားသောက်နေတာကိုကြည့်နေမိတယ်။ ငှက်ကလေးတွေက အစာလေးတွေကိုက်ချီပြီး အနားကသရက်ပင်လေးတွေပေါ်ဝဲပျံတက်သွားလိုက်၊ ပြန်ဆင်းလာလိုက်၊ ငှက်ပေါက်လေးတွေအသံလည်း တစ်ချက်တစ်ချက်ကြားနေရတယ်။ ရှဉ့်ကလေးတွေအချို့က အစာနားမှာတင်စားနေပြီး အချို့က အစာလေးတွေကိုက်ပြီး အပင်တွေပေါ်ခုန်ကူးသွားလိုက်နဲ့၊ သူတို့ကိုကြည့်ပြီးကျွန်တော်ပီတိဖြစ်ရသလို ထူးခြားမှုတစ်ခုကိုလည်း သတိပြုမိလိုက်ပါတယ်။ တိရစ္ဆာန်လေးတွေက သရက်ပင်လေးတွေပေါ်သာ တက်လိုက်ဆင်းလိုက်လုပ်နေကြပြီး တစ်ပင်တည်းထီးထီးကြီးဖြစ်နေတဲ့ မလှပင်ပေါ် အတက်အဆင်းလုပ်တာမတွေ့မိဘူး။ ဘာ့ကြောင့်လဲ သေသေချာချာကြည့်တော့မှ မလှပင်ကမြင့်တာတော့မှန်ပါရဲ့။ ဒါပေမဲ့သူ့မှာရှိတဲ့ အကိုင်းအခက်အရွက်တွေက တိရစ္ဆာန်လေးတွေ နားခိုဖို့၊ အသိုက်လုပ်ဖို့ ဝေဝေဆာဆာမရှိရှာဘူး။

အဲဒီမှာ ကျွန်တော်အတွေးရသွားတယ်။ သရက်ပင်လောင်းရိပ်အောက်ကနေအားယူပြီး ထိုးထိုးထောင်ထောင်တက်လာတဲ့ မလှပင်ရဲ့သတ္တိကတော့ချီးကျူးစရာပါပဲ။ သူအခုလိုမြင့်မြင့်မားမားရှိနေဖို့ သူ့ဘေးကသရက်ပင်လေးတွေက ဝိုင်းဝန်းကာကွယ်ပေးထားတာကိုလည်း ကျွန်တော်က ဆင်ခြင်နေမိတယ်။ ဒါပေမဲ့ မလှပင်ကတော့ 'သစ်တစ်ပင်ကောင်း ငှက်အပေါင်းနားနိုင်' စကားရပ်နဲ့တော့ သိပ်မအပ်စပ်လှပေဘူး။ 'သစ်တစ်ပင်ကောင်း ငှက်အပေါင်းနားနိုင်' ဖို့ဆိုတာ နားခိုနိုင်လောက်တဲ့ အခက်အလက်အရွက်တွေနဲ့ပြည့်စုံဖို့ လိုတယ်မဟုတ်လား။ အပင်မြင့်မားပြီး ဝေဝေဆာဆာမရှိတဲ့အပင်က တကယ်တော့မြင့်တာမဟုတ်၊ ရှည်တာ။

x x x

ကျွန်တော်က မောင်နှမငါးဦးထဲမှာအငယ်ဆုံးသားပါ။ မိဘနှစ်ပါးကဝန်ထမ်းဆိုတော့ ကျွန်တော်တို့ငယ်စဉ်ဘဝက အတော်လေးရုန်းကန်ခဲ့ရပါတယ်။ နွေရာသီကျောင်းပိတ်ရက်တွေမှာ စာလေးခွေ၊ ကောက်ညှင်းထုပ်၊ အကြော်စုံစတဲ့ စားစရာလေးတွေခေါင်းပေါ်ရွက် လမ်းတကာလှည့်လည်ရောင်းခဲ့ဖူးသလို ညီအစ်ကိုနှစ်ယောက် မနိုင့်တနိုင်နဲ့ရေထမ်းရောင်းခဲ့ရတာမျိုးလည်း လုပ်ခဲ့ဖူးပါတယ်။ မောင်နှမတွေပညာရေးစရိတ်ကလည်းရှိတော့ အဖေနဲ့အမေအတော်ပင်ပန်းရှာပါတယ်။ မောင်နှမတွေအားလုံးက အငယ်ဆုံးကျွန်တော့်ပညာရေးကိုအားပေးဖို့ ပညာရေးတစ်ပိုင်းတစ်စနဲ့ လုပ်ငန်းခွင်ဝင်ခဲ့ကြပြီး ကျွန်တော့်ကိုမြေတောင်မြှောက်ပေးခဲ့လို့ ပညာရေးဆုံးခန်းတိုင်ခဲ့ရသလို မောင်နှမတွေထဲမှာလည်း ရာထူးရာခံရှိသူအနေနဲ့ပေါ်လွင်နေခဲ့ပါတယ်။

x x x

ရာထူးရာခံဖြစ်ခဲ့တဲ့ ကျွန်တော်က မိသားစုရိပ်မြုံကခွဲထွက်ပြီး အဝေးတစ်နေရာမှာ ရောက်နေတာကြောင့် သားသမီး ၅ ဦးတာဝန်နဲ့ အစ်မကြီးက အဖေနဲ့အမေ့ကို သူနဲ့အတူခေါ်ထားပေးပါတယ်။ အမေဆုံးတော့အမေ့ရက်လည်ကို ကျွန်တော်မမီခဲ့သလို၊ အဖေဆုံးတော့လည်း ကျွန်တော်ကအဝေးမှာပဲရှိနေခဲ့ပါတယ်။

ရုံဖန်ရံခါ ခွင့်ရက်ကလေးများရလို့ အစ်မကြီးဆီရောက်ခဲ့ရင် အဖေနဲ့အမေ့ကိုလွမ်းစိတ်ကြောင့် ရက်ကြာကြာမနေဖြစ်ခဲ့ပါဘူး။ တလောကပင်စင်ယူပြီး အစ်မကြီးကျန်းမာရေးမကောင်းကြောင်း သတင်းကြားသိရတာတောင် ကျွန်တော်ဘာမျှမကူညီပေးနိုင်ခဲ့ပါဘူး။

x x x

လက်ရှိမှာတော့ ကျွန်တော်က ဌာနတစ်ခုမှာ အရာရှိတစ်ဦးပါ။ ဒါပေမယ့် မလှပင်လိုဖြစ်နေခဲ့ပါပြီ။ မိဘနှင့်မိသားစုအပေါ် တာဝန်မကျေခဲ့တဲ့ကျွန်တော်၊ ကျွန်တော့်မိသားစုကိုတော့တာဝန်ကျေနိုင်အောင်ကြိုးစားနေတုန်းပဲရှိပါသေးတယ်။ကျွန်တော်တို့ လူ့အဖွဲ့အစည်းအဝန်းအဝိုင်းမှာ ကျွန်တော့်လို မလှပင်နဲ့တူတဲ့လူစားတွေ အများကြီးရှိနေမလားရယ်လို့ ကျွန်တော်တွေးနေမိပါတယ်။

x x x

မြင့်ပြီးအရိပ်အာဝါသ မပေးနိုင်တာထက်စာရင် နိမ့်ပေမဲ့အရိပ်အာဝါသပေးစွမ်းနိုင်တဲ့သူက အဓိပ္ပါယ်ရှိတဲ့လူဖြစ်နိုင်ပါလိမ့်မယ်။

## မြန်မာစက်မှုအင်ဂျင်နီယာကျောင်းသားဟောင်းများ အမှတ်တရတွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲကျင်းပ




စာပေသင်ကြားခဲ့သည့် နှစ်ကာလ အကန့်အသတ်မထားဘဲ မြန်မာစက်မှုအင်ဂျင်နီယာကျောင်းသားများ အမှတ်တရတွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲ ကျင်းပသည့်အစီအစဉ်ကို Myanmar Institution of Mechanical Engineers (MIMechE) အသင်းမှဦးစီး၍ ရန်ကုန်တိုင်းဒေသကြီး၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ Dolphin Restaurant တွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် All Mechanical Gathering Myanmar Institution of Mechanical Engineers ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

အစီအစဉ်အရ ရှေးဦးစွာ RIT ကျောင်း၏ ကျောင်းအုပ်ဆရာကြီး Senior Patron Professor ဦးအောင်ခင်၊ MS. ME (Lehigh UN) MASC (Joronto) USA မှပေးပို့သည့် သဝဏ်လွှာကို ဆရာကြီး ဦးအောင်ခင်က ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာကြီး/ဆရာမကြီးများအား ကန်တော့ခဲ့ကြပြီး နေ့လယ်စာများဖြင့်တည်ခင်းဧည့်ခံ၍ အခမ်းအနား အောင်မြင်ပြီးမြောက်ခဲ့သည်ဟု သိရသည်။

သန်းဦးလှိုင်

## သက်ကြီးစာပေပညာရှင်အား အိမ်တိုင်ရာရောက်ပူဇော်ကန်တော့

ဗဟန်းမြို့နယ်၊ စာရေးဆရာအသင်းမှ ဥက္ကဋ္ဌဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)၊ အတွင်းရေးမှူးဦးမောင်ချစ် (မောင်ချစ်၊ သူရဲသမိန်) နှင့် တွဲဖက်အတွင်းရေးမှူးဦးသိမ်းထွန်း (မောင်မေခ) တို့သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွှတ်လပ်ရေးနေ့) နံနက် ၁၀ နာရီတွင် သက်ကြီးစာပေပညာရှင်များပူဇော်ပွဲသို့ ကျန်းမာရေးအရမတက်ရောက်နိုင်ခဲ့သည့် ဆရာကြီးဦးကျော်မင်း (မင်းကျော်မင်း) နေထိုင်ရာအိမ်သို့သွားရောက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) မှ ပေးပို့သောကန်တော့ခံပစ္စည်းများနှင့် ကန်တော့ငွေကျပ် ၁၅၀,၀၀၀ တိတိကို ပူဇော်ကန်တော့ခဲ့သည်။

'ကျွန်တော်တို့အသင်းမှာ ကန်တော့ခံငွေနဲ့ပစ္စည်းတွေ ရောက်နေတာကြာပါပြီ။ ဆရာကြီးရဲ့ လိပ်စာအခက်အခဲကြောင့် ကြန့်ကြာသွားတာပါ။ ပြောချင်တာကအသင်းဝင်တွေ လိပ်စာအပြောင်းအလဲရှိရင်တာဝန်ရှိသူတွေထံအကြောင်းကြားပေးစေချင်ပါတယ်' ဟု ဦးသိမ်းထွန်း (မောင်မေခ) ကပြောပါသည်။ ထို့နောက်ဆရာကြီးမှ မြန်မာနိုင်ငံစာရေးဆရာအသင်း ဆက်လက်ရှင်သန်နိုင်စေရန် ဩဝါဒစကားမြွက်ကြားခဲ့ကြောင်းသိရသည်။

**လွင်ဟိန်းထက်**



## စက်မှုလုပ်ငန်း/စီးပွားရေးလုပ်ငန်းများတွင် Compressed Air အတွက် စွမ်းအင်စနစ် ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာသင်တန်း အခမဲ့ဖွင့်လှစ်မည်

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization-UNIDO) တို့ ပူးပေါင်း၍ စက်မှုလုပ်ငန်း/စီးပွားရေးလုပ်ငန်းများအတွက် စွမ်းအင်စီမံခန့်ခွဲမှု Energy Management သင်တန်းများ၊ စွမ်းအင်စနစ်ထိရောက်စွာအသုံးပြုခြင်းဆိုင်ရာ Energy System Optimization သင်တန်းများကို အခမဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် Compressed Air Energy System Optimization (CASO) User Level နှစ်ရက်သင်တန်းအမှတ်စဉ် (၆) ကို ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနဝင်းအတွင်းရှိ သင်တန်းခန်းမ၌ ဇန်နဝါရီလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တို့တွင် International Expert မှ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းတွင် ကနေဒါနိုင်ငံသား Compressed Air Energy System Optimization Expert မှ Compressed Air System အခြေခံအကြောင်းအရာများ၊ System Optimization အတွက် လိုအပ်ချက်များ၊ Best Practices များစသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ ယင်းသင်တန်းသို့ Compressed Air အသုံးပြုသည့် ပုဂ္ဂလိက/အစိုးရစက်ရုံများမှ အင်ဂျင်နီယာများ၊ Operator များ၊ စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ/အလုပ်ရုံများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စွမ်းအင်စနစ် အထိရောက်ဆုံးအသုံးပြုခြင်းဆိုင်ရာ Energy System Optimization ပညာရပ်ကိုစိတ်ပါဝင်စားသူများ၊ မိမိစက်ရုံတွင် Compressed Air အတွက် Energy သုံးစွဲမှုကုန်ကျစရိတ်များပြားနေပြီး ယင်းကုန်ကျစရိတ်ကို လျှော့ချလိုသူများ တက်ရောက်နိုင်ကြောင်းသိရသည်။ သင်တန်းသားဦးရေကန့်သတ်ထားပြီး အင်ဂျင်နီယာဘွဲ့ရရှိထားသူ Bachelors in Engineering (သို့) Compressed Air System ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်နှင့်အထက်ရှိသူ၊ အင်္ဂလိပ်ဘာသာဖြင့် နားလည်ပြောဆိုနိုင်သူဖြစ်လျှင် ပိုမိုသင့်တော်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာကို www. ieemyanmar.com/? page_id =4452 တွင် download ရယူဖြည့်စွက်၍ email:T.OO@unido.org (သို့) A.ZIN@ unido.org တို့သို့ ဇန်နဝါရီလ ၂၆ ရက်နေ့ နောက်ဆုံးထား ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၉-၅၁၉၀၉၇၉၊ ၀၉-၄၂၁၁၃၁၀၈၅ များသို့ မေးမြန်းနိုင်ကြောင်းသိရသည်။

**အေးကေ**

## ဒေါနခရမ်းစွဲကျောက်များဈေးကွက်ရရှိရန်လိုအပ်

ကရင်ပြည်နယ်၊ ဒေါနတောင်တန်းမှထွက်ရှိသော ဒေါနခရမ်းစွဲကျောက်များကို ပြည်တွင်း၌ သာမကပြည်ပနိုင်ငံများအထိ ဈေးကွက်ထိုးဖောက်ရောင်းချလျက်ရှိသော်လည်း ပြည်တွင်းဝယ်လိုအားနည်းနေခြင်းကြောင့် ဈေးကွက်ပိုမိုရရှိရန်လိုအပ်ကြောင်း ခရမ်းစွဲကျောက်ထုတ်လုပ်ရောင်းချသူ ကိုဝင်းဌေးကပြောသည်။

'ကရင်ပြည်နယ်ကထွက်တဲ့ ခရမ်းစွဲကျောက်ကို အိန္ဒိယ၊ တရုတ်၊ ဆော်ဒီအာရေဗျနိုင်ငံသားတွေက တော်တော်လေးကြိုက်နှစ်သက်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းဈေးကွက်ကဝယ်လိုအားသိပ်မရှိတာကြောင့် ဈေးကွက်မှာ တခြားကျောက်တွေထက်ရောင်းချရမှုက နည်းပါးနေတယ်။ ဒါကြောင့် ပြည်တွင်းကျောက်မျက်ဈေးကွက်မှာ ခရမ်းစွဲကျောက်တွေဈေးကွက်ပိုမိုရရှိဖို့ လိုအပ်ပါတယ်' ဟု ၎င်းကပြောသည်။



## ငါးမွေးမြူရာတွင် သုံးလက်မအရွယ်နှင့်အထက် သားပေါက်များကိုသာ မွေးမြူသင့်

ငါးသားပေါက်များကို စတင်မွေးမြူရာတွင် သုံးလက်မအရွယ်နှင့်အထက် ငါးသားပေါက်များကိုသာ ရွေးချယ်မွေးမြူသင့်ကြောင်း ငါးသားပေါက်ထုတ်လုပ်ရေးလုပ်ငန်းမှ သိရသည်။

ငါးမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ရာတွင်ငါးသားပေါက်ရွေးချယ်သည့်အချိန်၊ အစာကျွေးမွေးသည့်အချိန်၊ ငါးသားပေါက်များကို အောက်ဆီဂျင်ပေးခြင်း (တာပေါ်လင်ဖြင့်မွေးမြူပါက) တို့သည် အခြေခံကျသည့် အခန်းကဏ္ဍဖြစ်ကြောင်း သိရသည်။

ငါးများကို ကနဦးစတင်မွေးမြူသူများသည် အရွယ်အလွန်သေးသည့် ငါးသားပေါက်များကိုမွေးမြူပါက ငါးသေပျောက်မှုနှုန်းများပြားမည်ဖြစ်ကြောင်းသိရသည်။

တာပေါ်လင်နှင့်မွေးမြူသူ အများစုသည် အရွယ်အစားမညီသည့် နှစ်လက်မအရွယ်သာရှိသောငါးများကိုရော၍ စမ်းသပ်မွေးခြင်းကြောင့် ငါးများသေဆုံးမှုများခြင်းဖြစ်သည်။ ထို့ကြောင့် ငါးများကိုစတင်မွေးမြူရာတွင် အကောင်အရွယ်အစားညီပြီး အနိမ့်ဆုံးသုံးလက်မခန့်ရှိသည့်ငါးများကိုသာ မွေးမြူသင့်ကြောင်းသိရသည်။

**ဝင်းမြင့်ဦး**

ကရင်ပြည်နယ်၊ ဒေါနတောင်တန်းမှထွက်ရှိသောဒေါနခရမ်းစွဲကျောက်များကို မြဝတီမြို့နှင့် ပုဂံမြို့သစ်တို့တွင် အရောင်းစင်တာဖွင့်လှစ်၍ ရောင်းချလျက်ရှိသည်။ ပြည်တွင်းကျောက်မျက်ဈေးကွက်အတွင်း၌ ယင်းကျောက်များဈေးကွက်ပိုမိုရရှိလာစေရေးအတွက် ကျောက်မျက်အရောင်းစင်တာများဖွင့်လှစ်ရန်လိုအပ်ကြောင်းသိရသည်။

**ဟိန်းသူ**

# ‘နာ’ တာခြင်းတော့မတူပါ

**ဖိုးကံကောင်း**




၂၀၁၆ နှစ်ဟောင်းကိုတော့ ကျွန်တော်က ‘နာ’ တာနဲ့နှုတ်ဆက်ခဲ့သလိုနှစ်သစ်ကိုလည်း ‘နာ’ တာနဲ့ စတင်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဒေါင်ဒေါင်မြည်တယ်လို့ မှတ်ထားတာ။ နှစ်ကုန်ပိုင်း ဒီဇင်ဘာလ တစ်လလုံးလိုလိုက ကျန်းမာရေး ဟိုကဖောက်၊ ဒီကဖောက်နဲ့ သိပ်မဟန်ချင်ဘူး။ ဖြစ်လိုက်ရင်လည်း မှတ်မှတ်ရရချည်းပါပဲ။ ခရစ္စမတ်နေ့မှာ မသောက်မစားရပါဘဲနဲ့ မူးလဲတယ်။ ဒီဇင်ဘာ ၃၁ ရက်နေ့ည အဖျားက ၁၀၃ ဒီဂရီ၊ သွေးပေါင်ချိန်က ၁၀၀/၇၀၊ ကိုယ့်ဝန်းကျင်က နှစ်သစ်ကူးအသံတွေကို ကုတင်ပေါ်မှာ စောင်ခြုံကွေးရင်း နှစ်သစ်ကူးရတယ်။ ဆေးတစ်လုံးထိုး၊ သောက်ဆေးတွေသောက်နဲ့ ကိုယ်ပူကကျပါရဲ့။ ချွေးထွက်လွန်းလို့ အကျီလဲရတာ မဟေသီခမျာလည်း မျက်တွင်းဟောက်ပက်နဲ့။ ‘နာ’ နေရင်းက တွေးမိတဲ့အတွေးတွေကလည်း ‘နာ’ တာတွေပဲဖြစ်နေတယ်။ ‘နာ’ တာ ကောင်းသလား၊ မကောင်းဘူးလား၊ ဝေခွဲမရအတွေးတွေနဲ့ပဲ အိပ်ပျော်သွားတယ်ထင်ပါရဲ့။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက် နှစ်တစ်နှစ်ရဲ့ပထမဆုံးလ ပထမဆုံးရက် မနက်မှာတော့ နှုံးနှုံးခွေခွေနဲ့ပဲ အိပ်ယာကနိုးခဲ့တယ်။ ကိုယ်ပူမရှိတော့ပေမယ့် ချွေးထွက်များတာရယ်၊ အစာမဝင်သေးတာရယ်ကြောင့် လမ်းလျှောက်လို့သိပ်မကောင်းသေး။ ဧည့်ခန်းကုလားထိုင်မှာထိုင်။ ရုပ်သံက ဗုဒ္ဓချန်နယ်လိုင်းကိုဖွင့်၊ လွှင့်သမျှတရားဒေသနာတော်တွေကို ‘နာ’ နေမိပါတယ်။ ၂၀၁၇ ခု နှစ်သစ်ကြို တရားအဖြစ် သီတဂူဆရာတော်ကြီးရဲ့ဒေသနာကို ကြားနာခွင့်ရလိုက်တယ်။ မြန်မာပြည်သူပြည်သားတွေ ထားရမည့်၊ ထားသင့်တဲ့စိတ်သဘောကို ဆရာတော်ကြီးက ဧရာဝတီမြစ်ကြီးနဲ့ဥပမာပြသွားတယ်။ ဆရာတော့်တရားနာရင်းက ကိုယ့်အနာတွေပျောက်သွားတယ်။ ဒီတော့မှ ‘နာ’ တာချင်းမတူတာကို ဆင်ခြင်မိသွားတယ်။ ဆရာတော်ကြီးဟောတဲ့တရားကိုလည်း မှတ်သားမိသလောက် မျှဝေချင်မိတယ်။

‘ဆရာတော်ဘုရား၊ ဆရာတော့်ဟောချက်အတိုင်း ပုဒ်စေ့မဟုတ်ပေမယ့် တပည့်တော်နာကြားမိသလောက်မျှဝေခွင့်ပြုပါဘုရား’ ရယ်လို့ ဆရာတော်ကို စိတ်တွင်းမှတိုင်တည်ရင်းမျှဝေကြည့်ပါ့မယ်။

× × ×

မေခနဲ့မလိခမြစ်နှစ်သွယ် ပေါင်းဆုံပြီးမှ ဧရာဝတီမြစ်ဖြစ်လာတယ်။ အဲဒီမြစ်ဖျားနှစ်ခုအနက်တစ်ခုက တိဗက်ကိုအဖျားခံ၊ နောက်မြစ်ဖျားတစ်ခုကတရုတ်ပြည်ကိုအဖျားခံ၊ မတူညီတဲ့အရပ်ဒေသနှစ်ခုဆီက စီးဆင်းလာတဲ့မြစ်နှစ်ခုမြန်မာပြည်မြောက်ဖျားမှာလာပေါင်းစုံပြီး ဧရာဝတီမြစ်ဖြစ်လာပါတယ်တဲ့။ ကြည့်ရမှာ၊ သိရမှာက မေခ၊ မလိခ၊ ဧရာဝတီဆိုတဲ့ အမည်ပညတ်ကိုမကြည့်ပါနဲ့တဲ့။ သူတို့မှာ ပကတိရှိနေ၊ ဖြစ်တည်နေတဲ့ ‘ရေ’ ကို မြင်ကြည့်ကြည့်လိုက်ပါတဲ့။

ဧရာဝတီရယ်လို့ စတင်ဖြစ်တည်စီးဆင်းတော့ ဧရာဝတီကသူ့အလုပ်သူလုပ်ပါသတဲ့။ ဒီနေရာလေးက ရှုခင်းလေးကောင်းလို့ နေလိုက်ဦးမဟဲ့’ဆိုပြီးမနေပါဘူးတဲ့။ စွန့်လွှတ်ခဲ့ပါသတဲ့။ အဲဒီလိုကနေ အောက်ဖက်ဆက်ဆင်းတော့ မြို့တွေ၊ ရွာတွေတွေ့၊ ချောင်းကြား၊ မြောင်းကြားက စွန့်ထုတ်တဲ့ရေညစ်ရေပုပ်တွေ သူ့ခန္ဓာထဲစီးဝင်ပြန်တော့လည်း မငြိုငြင်ပါဘူးတဲ့။ အသာတကြည်လက်ခံပြီး အလိုက်တသင့်စီးမြဲပါပဲတဲ့။ ရှမ်းပြည်ဘက်က စီးလာတဲ့ရွှေလီ၊ ဒုဋ္ဌဝတီမြစ်တွေက လာပေါင်းပြန်တော့လည်း မြစ်ငယ်လေးတွေမို့ ရေအရောင်ချင်းမတူလို့ မတူမတန်၊ လက်မခံတာမျိုးမဟုတ်၊ ‘အေး. . လာ’ အတူသွားကြတာပေါ့ဆိုပြီး ဆက်ဆင်းတာပဲတဲ့။ အိန္ဒိယဘက်က ချောင်းမြောင်းတွေကတစ်ဆင့် ဖြစ်တည်လာတဲ့ ချင်းတွင်းမြစ်နဲ့ဆုံပြန်တော့လည်း မိတ်ဆွေဖြစ်။ ဧရာဝတီဆိုတဲ့နာမည်နဲ့ အင်အားကြီးမားစွာနဲ့ ရှင်သန်စီးဆင်းပြန်ရောတဲ့။ ဒါနဲ့ပဲ ဧရာဝတီဟာ မြစ်ဝကျွန်းပေါ်ဘက်လည်းရောက်ရော တစ်လျှောက်လုံးအားအင်အလုံးအရင်းနဲ့ တစ်ကြောင်းထိုးစီးဆင်းရာကနေ လက်ဝါးဖြန့်လိုက်သလိုပဲ မြစ်ငယ်လေးတွေခွဲဖြာပေးလိုက်ပြီး တစ်နိုင်ငံလုံးရဲ့ ဝမ်းစာ စပါးကျီသိုက်ကိုဖြစ်စေပြန်တယ်တဲ့။ ပြီးမှသူ့ရဲ့ရည်ရွယ်ချက်ပန်းတိုင်ပင်လယ်တွင်းကို ညင်သာစွာပဲ စီးဝင်သွားခဲ့ပါသတဲ့။

ကျွန်တော်နာကြား မှတ်သားမိသမျှအနှစ်ချုပ်ပြီး မျှဝေလိုက်တာပါ။ ဆရာတော်ကြီးက ဒို့မြန်မာနိုင်ငံသားတွေလည်း ဧရာဝတီလိုစိတ်ထားတတ်ကြရမယ်လို့ လမ်းပြပါတယ်။ သက်မဲ့ဧရာဝတီက သူ့ရဲ့ ‘အား’ ကို ဘယ်လိုတည်ဆောက်သွားသလဲ။ စွန့်လွှတ်မှုတွေ၊ သည်းခံမှုတွေ၊ ပေးဆပ်မှုတွေနဲ့ ဘယ်လိုအကျိုးပြုသွားသလဲတဲ့။ စာဖတ်သူများ နှလုံးသွင်းနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တဒင်္ဂအတွင်း ဆရာတော်ရဲ့တရားက ကျွန်တော့်ကို ဧရာဝတီလို ‘အား’ ဖြစ်စေခဲ့တာတော့ အမှန်ပါပဲ။

ဆရာတော်တရားနာပြီး ‘အား’ တည်စမှာပဲ နေ့လယ်ဘက်မှာ နိုင်ငံတော်အတိုင်ပင်ခံနဲ့ လူငယ်တွေငြိမ်းချမ်းရေးစကားဝိုင်းပြုလုပ်တာကို Live လွှင့်ပေးလို့ ကြည့်ခွင့်ရလိုက်ပြန်ပါတယ်။

ခဏနေတော့ သတင်းစာပို့သမားလာပို့တဲ့ နေ့စဉ်ထုတ်သတင်းစာနှစ်စောင်ကို စိမ်ပြေနပြေဖတ်မိပြန်ပါတယ်။ Live လွှင့်တဲ့အသံ၊ စာမျက်နှာများပေါ်က အသံတွေကိုတူရာစုလိုက်တော့ အားလုံးရဲ့အသံက ‘နှစ်သစ်မှာ ကမ္ဘာသူကမ္ဘာသားတွေ၊ ပြည်သူပြည်သားတွေ ငြိမ်းချမ်းကြပါစေ’ ဆိုတဲ့အသံကတော့ အမြိုင်ဆုံးပါပဲ။ ဒီအသံတွေနောက်လိုက်ရင်း ကျွန်တော်တို့လူသားတွေရဲ့ ပကတိစိတ်ရင်းအမှန်ကို မြင်တွေ့လိုက်ရတာပါပဲ။ ဘယ်လောက်အေးချမ်းပါသလဲ။ ဘယ်လောက်ငြိမ်းချမ်းပါသလဲ။

စိတ်ရင်းအမှန်ပွင့်အံလာသမျှက ‘ငြိမ်းချမ်းရေးအသံ’ တွေပါ။ ဟုတ်တယ်။ ကျွန်တော်လည်းငြိမ်းချမ်းချင်တယ်။ သူသူငါငါငြိမ်းချမ်းချင်တယ်။ ဒါဆိုကျွန်တော်တို့ငြိမ်းချမ်းမှုကိုဘယ်လိုရှာမလဲ။ ဘယ်လိုတည်ဆောက်ကြမလဲ။ အတွေးထဲက အမေးကို မနက်ခင်းမှာနာကြားခဲ့ရတဲ့ သီတဂူဆရာတော်ကြီးရဲ့ ဧရာဝတီစိတ်ဓာတ်က ကျွန်တော့်ကိုအဖြေရှာတွေ့စေခဲ့ပါတယ်။

ဧရာဝတီစိတ်ဓာတ်နဲ့ယှဉ်ပြီး ကျွန်တော်လက်ရှိတာဝန်ထမ်းဆောင်နေတဲ့အဖွဲ့အစည်းကို အတွေးကနယ်ချဲ့မိပြန်ပါရော။

ကျွန်တော့်အဖွဲ့အစည်းလည်း ဘာထူးမှာလဲ။ တက္ကသိုလ်အသီးသီးက ရရှိပိုင်ဆိုင်လာတဲ့ ဘွဲ့အသီးသီးနဲ့ ပုဂ္ဂိုလ်တွေ၊ နောက်ခံအကြောင်းစုံစွာနဲ့ရောက်ရှိလာတဲ့ပုဂ္ဂိုလ်တွေ အနီးပုဂ္ဂိုလ်တွေနဲ့ပေါင်းစုပြီး ဌာနတစ်ခုဖြစ်တည်နေရတာပါလား။ အနီးပုဂ္ဂိုလ်တွေရဲ့မတူညီတဲ့ ‘အား’ တွေပေါင်းစုပြီး ‘ဌာနရဲ့ကြီးမားတဲ့အား’ ကိုဖြစ်တည်စေပြီး ရည်မှန်းချက်ကိုတူရှုပြုအကျိုးဖြစ်စေရမှာပါလား ဆိုတာ ထပ်ဆင့်ဆင်ခြင်မိပြန်ပါတယ်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ပထမဆုံးရက် နှစ်သစ်ကူးအစနေ့မှာ ကျွန်တော် ‘နာ’ လိုက်ရတဲ့ နာက ဝေဒနာမဟုတ်တာတော့ သိပ်ကိုသေချာပါတယ်။ စာဖတ်သူများ ဝေဒနာများအလျဉ်းပျောက်၍ တိုင်းပြည်အတွက် ‘စေတနာအား’ များ ဖြစ်တည်နိုင်ကြပါစေဗျာ. . .။

## ကဏန်းပျော့အမျိုးအစားအလိုက် ဝယ်ယူမှုများပြား



ပင်လယ်စာစားသုံးမှုမြင့်မားလာခြင်းနှင့်အတူ ကဏန်းပျော့စားသုံးမှုမြင့်မားလာသောကြောင့် စားသုံးသူဦးရေပိုမိုတိုးမြင့်လာပြီး ပြည်တွင်းကဏန်းပျော့ဈေးကွက်တွင် အမျိုးအစားအလိုက် ဈေးနှုန်းမြင့်တက်မှုများရှိလာကြောင်း ကဏန်းမွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။ ပင်လယ်စာရောင်းချသောစားသောက်ဆိုင်များ၊ ဟိုတယ်များသို့အပို့များပြီး ကဏန်းပျော့အမျိုးအစားအလိုက် ဈေးကွက်ရှိသည်။ ပြည်တွင်းဈေးကွက်တွင် A အမျိုးအစားကဏန်းပျော့မှာ ၁၃,၀၀၀ ကျပ်၊ B အမျိုးအစားဖြစ်ပါက ၁၀,၀၀၀ ကျပ်၊ C အမျိုးအစားမှာ ၇,၅၀၀ ကျပ်၊ D အမျိုးအစားမှာ ၆,၅၀၀ ကျပ် ဈေးရှိကြောင်းသိရသည်။ ကဏန်းပျော့ပြုလုပ်ရန်အတွက် ကုန်ကြမ်းကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှထွက်ရှိသော ကဏန်းကိုမှာယူရသည်။ ပြည်ပဈေးကွက်တွင်ကဏန်းပျော့ကို အဓိကအားဖြင့် ကနေဒါ၊ အမေရိကန်၊ ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ် စသည့်နိုင်ငံများသို့ တင်ပို့ကြောင်းသိရသည်။ ကဏန်းပျော့မှာ ပြည်ပဈေးကွက်တွင် တစ်ကီလိုလျှင် ၉ ဒေါ်လာမှ ၁၄ ဒေါ်လာအထိဈေးနှုန်းရှိသည်။

**ဝင်းမြင့်ဦး**

## သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းများ အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့် မြေကွက်များအပေါ် စိတ်ဝင်စားမှုပိုမိုများပြားလာ

သီလဝါ အထူးစီးပွားရေးဇုန်၏ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရန်အတွက် သန်လျင်ကျောက်တန်းလမ်းမထက်ရှိ ကျန်ရှိနေသည့် မြေကွက်များထဲမှ ဟက်တာ ၃၀၀ မှာ စီမံကိန်းများကိုလာမည့် ငါးနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဟုဆိုခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားမှု ပိုမိုများပြားလာကြောင်းသိရသည်။အဆိုပါ စီမံကိန်းအဖြစ်ကျန်ရှိနေသည့် မြေအကျယ်အဝန်းမှာ ဟက်တာ ၂၀၀၀ ထဲမှ ဟက်တာ ၄၀၀ ကိုအသုံးပြုရန်အတွက် ခွင့်ပြုချက်ပေးထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် မြေနေရာများတွင်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ရှိသူများထံမှ သိရသည်။ ထို့အပြင် မြေဟက်တာ ၃၀၀ ၏ စီမံကိန်းအားဆက်လက်အကောင်အထည်ဖော်ပြီးပါက ရင်းနှီးမြှုပ်နှံမှုအားဖြင့် အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံအထိ တိုးမြှင့်တက်လာမည်ဟု ရည်မှန်းထားကြောင်းသိရသည်။ သီလဝါ အထူးစီးပွားရေးဇုန်တွင် လက်ရှိနိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၇၈ ခုက ဝင်ရောက်လုပ်ကိုင်နေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံဝန်းကျင်အထိ ရရှိလာခဲ့ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## ကျူးကျော်စာရင်းကောက်ယူခြင်းကို ဇန်နဝါရီအထိ လုပ်ဆောင်မည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (ဆိပ်ကမ်း) မြို့နယ်အတွင်းသက်သေခံကတ်ပြားထုတ်ပေးသည့်စနစ်ဖြင့် ကျူးကျော်နေထိုင်သူများအားစာရင်းကောက်ယူခြင်းကို ယခုဇန်နဝါရီလအထိ လုပ်ဆောင်မည်ဖြစ်ပြီး ကျန်မြို့နယ်များတွင်လည်း ဆက်လက်လုပ်ဆောင်ရန်စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှသိရသည်။

ကျန်မြို့နယ်များဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံ (မြောက်ပိုင်း)၊ ဒဂုံ (အရှေ့ပိုင်း)၊ မြောက်ဥက္ကလာပ၊ သာကေတ၊ မရမ်းကုန်း၊ အလုံ၊ ကျောက်တန်း၊ သန်လျင်နှင့် ဒလမြို့နယ်တို့တွင် ကျူးကျော်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ရန်စီစဉ်ထားသည်။

စာရင်းကောက်ယူရာတွင်အဖွဲ့သုံးဖွဲ့ခွဲကာ ကွန်ပျူတာဖြင့်စာရင်းသွင်းခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်းသိရသည်။ စာရင်းကောက်ယူရာတွင် အိမ်ပိုင်ရှင်များသာစာရင်းဝင်ပြီး ငှားရမ်းနေထိုင်သည့်အိမ်ထောင်စုများကျန်ခဲ့မှု တချို့ဖြစ်ပေါ်၍ ၎င်းတို့မကျန်ရစ်ရန်ဆောင်ရွက်လျက်ရှိသည်။ ကျူးကျော်နေထိုင်သူများအနေဖြင့် စာရင်းပေးသွင်းရုံဖြင့် နေစရာမြေကွက်နှင့်အခန်းရရှိမည်မဟုတ်ဘဲ အလုပ်အကိုင်ရှိမှသာ နေစရာအတွက်စီမံပေးမည်ဖြစ်ကြောင်းသိရသည်။

**ဟိန်းသူ**

## ရန်ကုန်ပြည်သူ့ရင်ပြင်တွင် ဂျပန်စတိုင်လ် ဆယ်ပြားဈေးရောင်းပွဲ ဒုတိယအကြိမ်ကျင်းပ

ရန်ကုန်ပြည်သူ့ရင်ပြင်တွင် ဂျပန်စတိုင်လ်ဆယ်ပြားဈေးရောင်းပွဲကို ဇန်နဝါရီလ ၄ ရက်နေ့၌ကျင်းပပြီး၊ ပိုလျှံနေသည့် အိမ်သုံးပစ္စည်းကောင်းများကို အသုံးဝင်မည့်အခြားသူများထံ ပြန်လည်ရောင်းချပေးသောစနစ်နှင့် ရောင်းချခဲ့ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် ဂျပန်နိုင်ငံထုတ်ပစ္စည်းများအပါအဝင် တစ်နေ့တာလူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်များနှင့် စားသောက်ကုန်များကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းပြပွဲကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး၊ ၎င်းပြပွဲတွင် ဂျပန်ကုမ္ပဏီများ ပါဝင်ပြသခြင်းဖြစ်၍ တစ်ပတ်ရစ်ပစ္စည်းကောင်းများသာလာရောက်ရောင်း ခြင်းဖြစ်ကြောင်း ပြပွဲတာဝန်ခံထံမှ သိရသည်။

ဂျပန်စတိုင်လ် ဆယ်ပြားဈေးရောင်းပွဲ ပထမအကြိမ်ကဆိုင်ခန်းပေါင်း ၅၀ ပါဝင်ရောင်းချခဲ့ခြင်းဖြစ်ပြီး၊ ယခုဒုတိယအကြိမ်တွင် ဆိုင်ခန်းပေါင်း ၇၀ ပါဝင်ရောင်းချခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းပြပွဲကို မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရှစ်လအတွင်း အိမ်ခြံမြေ အခွန်ငွေကျပ် ၄၇ ဘီလီယံရရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီမှ နိုဝင်ဘာလအထိ ရှစ်လတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ခြံမြေရောင်းဝယ်ခြင်းမှ အခွန်ငွေကျပ် ၄၇ ဘီလီယံကောက်ခံရရှိထားပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ငွေကျပ် ၂၃ ဘီလီယံပိုမိုကောက်ခံရရှိထားကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း အိမ်ခြံမြေ အရောင်းအဝယ်ပြုလုပ်ပါက သက်ဆိုင်ရာအခွန်ရုံး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ထားသည့် တစ်ပေပတ်လည်အိမ်ခြံမြေအခွန်နှုန်းထားများဖြင့်တန်ဖိုးဖြတ်ပြီး အခွန်ပေးဆောင်ရခြင်းဖြစ်သည်။

အိမ်ခြံမြေရောင်းဝယ်မှုပြုလုပ်ရာတွင် ဝယ်ယူသောအိမ်တန်ဖိုးအတွက် အခွန်တံဆိပ်ခေါင်းကပ်ရမည်ဖြစ်ပြီး သတ်မှတ်အိမ်ခြံမြေအခွန်စံနှုန်းများနှင့် တန်ဖိုးမဖြတ်ထားသည့် အိမ်ခြံမြေရောင်းဝယ်မှုများသည် တရားဥပဒေအရ အကျုံးဝင်ခြင်းမရှိသကဲ့သို့ ယင်းကဲ့သို့ရောင်းဝယ်မှုများကို စစ်ဆေးတွေ့ရှိပါက တန်ဖိုး၏ ၁၀ ဆကိုဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ အိမ်ခြံမြေအခွန်နှုန်းထားများ လျှော့ချပြီးနောက်ပိုင်းတွင် အခွန်ထမ်းဦးရေပိုမိုများပြားလာသည်။

**စံမျိုးထက်**

## Water Taxi ဂိတ်များကို ဒဂုံ (ဆိပ်ကမ်း) နှင့် ကမ်းနားလမ်းတို့၌ သတ်မှတ်

ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရန်ဖော်ဆောင်မည့် Water Taxi ဂိတ်များကို ဒဂုံ (ဆိပ်ကမ်း) မြို့နယ်နှင့်ကမ်းနားလမ်းတို့၌ သတ်မှတ်ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

ဒဂုံ (ဆိပ်ကမ်း) မြို့နယ်၌တည်ဆောက်နေသည့် ဒုတိယစီးပွားရေးဇုန်ဟုခဲ့ပြီးစီးပါက လိုအပ်လာမည့် သယ်ယူပို့ဆောင်ရေးအတွက်အထောက်အကူဖြစ်လာနိုင်ပြီး Bus Terminal များကိုလည်းပြေးဆွဲပေးသွားရန်ရှိကြောင်းသိရသည်။

Water Taxi ပြေးဆွဲပါက အောင်မြင်နိုင်မည့်လုပ်ငန်းဖြစ်နိုင်ချေရှိ၊ မရှိလေ့လာမှုကို ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့နှင့် ဂျပန်၊ ပြင်သစ်၊ အင်္ဂလန်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လေ့လာမှုများပြုလုပ်လျက်ရှိသည်။

**စံမျိုးထက်**

## ဆပ်ပြာဆီလုပ်ငန်းလုပ်ကိုင်သူများလာ၍ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများဝင်ငွေလျော့

အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဆပ်ပြာဆီလုပ်ငန်းကိုလုပ်ကိုင်သူများပြားလာခြင်းကြောင့် ဈေးကွက်ပျက်ကာ တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများ ဝင်ငွေလျော့နည်းလာကြောင်း ဆပ်ပြာဆီလုပ်ငန်းလုပ်ကိုင်သူ ကိုမြတ်ကိုကိုက ပြောသည်။

'အရင်ကဆိုရင် ဆပ်ပြာဆီလုပ်တတ်ဖို့ ဆရာတွေဆီမှာငွေသိန်းချီပေးပြီး သင်တန်းတက်ရတယ်။ အခုကျတော့ ဆပ်ပြာဆီကုန်ကြမ်းရောင်းတဲ့ဆိုင်တွေ ပေါ်လာတယ်။ ဆပ်ပြာရည်ပြုလုပ်နည်းတွေကိုအခမဲ့ပေးပြီး ကုန်ကြမ်းရောင်းကြတယ်။ အွန်လိုင်းပေါ်ကနေလည်း သင်တန်းကြေးသက်သက်သာသာသွင်းပြီး သင်ကြားလို့ရလာတဲ့အတွက် လုပ်ကိုင်တဲ့သူတွေများလာတယ်။ လုပ်ငန်းလိုင်စင်ရှိတဲ့လူရော၊ မရှိတဲ့လူပါ ဈေးကွက်ထဲရောက်ပြီး ဈေးနှိမ်ရောင်းချတာမျိုးတွေရှိလာတဲ့အတွက် အဆင်မပြေတော့ဘူး' ဟု ၎င်းကပြောသည်။

ဆပ်ပြာဆီလုပ်ငန်းသည် အရင်းအနှီးနည်းပါး၍ အမျိုးသမီးအများစုလုပ်ကိုင်ကြသည်။ ကုန်ကြမ်းဈေးနှုန်းလည်း နည်းပါးသည့်အတွက် တွက်ချေကိုက်ကာ အိမ်တွင်းစီးပွားဖြစ်လုပ်ကိုင်နိုင်ပြီး ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသည့်အတွက် အဆင်ပြေလွယ်ကူကြောင်းသိရသည်။

**နေရဲ**

### ကျောဖုံး မှ-

အကျိုးပြုသီချင်းများအခွေမှာ ဦးကျော်သူ၊ မင်းခေတ်မင်းတို့နဲ့တွဲဖက်ပြီး 'ယဉ်ကျေးတဲ့တို့မြန်မာ' သီချင်းလေးကို သမီးပါဝင်သီဆိုခွင့်ရတာ သမီးအမှတ်တရပါ။ မနှစ်ကပုဂံမှာပြုလုပ်တဲ့ ထမနဲပြိုင်ပွဲမှာလည်း ပရဟိတအနေနဲ့ပါဝင်ဆောင်ရွက်ခဲ့ရသလို 'ရိုးရာအမွေထမနဲ' သီချင်းလေးကိုလည်း သီဆိုခွင့်ရခဲ့ပါတယ်။

အခု သီချင်းနဲ့ကိုက်ညီသင့်လျော်မယ့် ပညာတစ်ခုသင်ယူနေတယ်။ ပညာရေးနဲ့အနုပညာအလုပ်ကို တွဲပြီးလုပ်သွားမှာပါ။ သမီးကို ဆက်သွယ်ချင်တယ်ဆိုရင်တော့ ဒေါက်တာဦးဆန်းအောင်+ဒေါ်နန်းနွေဦး၊ အမှတ် (၅၃)၊ (၁၃) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ကို ဆက်သွယ်ပြီး သမီးရဲ့အနုပညာနဲ့ပတ်သက်လို့ ဝေဖန်အကြံပြုပေးနိုင်ပါတယ်လို့ ဖိတ်ခေါ်ပါတယ်။

**အိသူ**

## ပွင့်လင်းရာသီတွင် ပြည်တွင်း/ပြည်ပခရီးသွားများ အင်းဝဒေသသို့ လည်ပတ်မှုများပြား

ပွင့်လင်းရာသီရောက်သည်နှင့် ပြည်တွင်း/ပြည်ပခရီးသွားများသည် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့တောင်ဘက် နှစ်မိုင်လေးဖာလုံ၊ မန္တလေးမြို့အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) တို့ဆုံရာတွင်တည်ရှိသော ရှေးဘုရင်မင်းဆက် (၃၁) ဆက်ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းဒေသသို့ လာရောက်လည်ပတ်မှု



များပြားလျက်ရှိလာသည်။

မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့မှလာကြသလို အိုးတုတ္တန်းဆိပ်ကမ်းမှ ဧရာဝတီမြစ်အလှကိုခံစားကြရင်း ဝင်ရောက်လာသူများလည်း ရှိကြသည်။ မယ်နုအုတ်ကျောင်း၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ လေးထပ်ကြီးဘုရား၊ လောကမာန်အောင်စေတီတော်စသည်တို့အပြင် အခြားရှေးဟောင်းအဆောက်အအုံများပါမကျန် လှည့်လည်လေ့လာကြသည်။ အင်းဝမြို့ကို သတိုးမင်းဖျားမှ သက္ကရာဇ် ၇၂၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရှေးဘုရင်မင်းဆက် (၃၁) ဆက် ထီးနန်းစိုးစံခဲ့ကြသည်။ ခေတ်အဆက်ဆက် (၈) ကြိမ်နန်းတည်ခဲ့ကာ ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ နန်းတော်ဆောင်၊ မြို့ရိုးနှင့်ပြာသာဒ်တို့၏ ဗိသုကာတည်ဆောက်ပုံနှင့်အမွမ်းပန်းလက်ရာများရှိထားပြီး၊ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများ ရှိထားသည့် ဘုရားငါးဆူ၊ ရှေးဟောင်းကျောက်စာရှိထားသည့် ဘုရားခုနစ်ဆူ၊ ကြေးခေါင်းလောင်းစာရှိသော ဘုရားသုံးဆူ၊ ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၆၂၄ ခုရှိနေကြောင်းကို မှတ်တမ်းများအရ သိရသည်။ **သပြေခင် (သိန်းဟန်)**

## ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းများဖွင့်လှစ်

**မြင့်မြတ်အောင်မြင်**



ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ ၂ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ (၂) နှင့် ညနေ ၃ နာရီအချိန်တွင် ခရိုင် (၄) ခရိုင်ရှိ မြို့နယ်များ၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) ဖွင့်ပွဲများကိုကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင်ပြုလုပ်သော အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ကံဝင်း၊ ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများနှင့်ဒုတိယဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းများကို ခရိုင် (၄) ခရိုင်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် လှည်းကူးမြို့နယ်ရဲတပ်ဖွဲ့များတွင်လည်း တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့ပြီး သင်တန်းသားရဲတပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့် (၁၅) ဦးစီတက်ရောက်ခဲ့ကြကြောင်းသိရသည်။

၎င်းသင်တန်းကို ဇန်နဝါရီလ ၂ ရက်နေ့မှ ဇန်နဝါရီ ၁၃ ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ကလေးငယ်များကို ပြုစုပျိုးထောင်နိုင်မည့် ဆရာဖြစ်သင်တန်း

တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး၌ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော ကလေးငယ်များကို ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာဖြစ်သင်တန်းများကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထူးပညာရေးအသင်းမှ သိရသည်။

သင်တန်းတွင် Pre Level-1 (အခြေခံဆရာဖြစ်သင်တန်း) နှင့် Level -1 (ဆရာဖြစ်သင်တန်း) တို့ကို ပို့ချပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းသည် ဉာဏ်ရည်မဖွံ့ဖြိုးသည့် ကလေးငယ်များကို ပြန်လည်သင်ကြားနိုင်ရန် သင်တန်းပေးခြင်းဖြစ်သည်။

ယင်းသင်တန်းကို ဉာဏ်ရည်မဖွံ့ဖြိုးသောကလေးငယ်၏ မိဘ၊ ဆွေမျိုးတော်စပ်သူများ၊ မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသောဆရာမများ၊ ဉာဏ်ရည်မဖွံ့ဖြိုးသည့်ကလေးငယ်များအတွက် အလုပ်လုပ်ပေးလိုသည့် ဆရာ၊ ဆရာမများနှင့်စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

Pre Level-1တက်ရောက်လိုသူများကို ပညာအရည်အချင်းသတ်မှတ်ထားခြင်းမရှိသော်လည်း Level - 1 သင်တန်းများကို ဘွဲ့ရရှိပြီးသူများသာ တက်ရောက်နိုင်မည်ဖြစ်ပြီး အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆရာဖြစ်သင်တန်းကို မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ **ဟိန်းသူ**

## နိုင်ငံတကာ Vietjet လေကြောင်းလိုင်းခရီးစဉ် လက်မှတ်ငါးသန်းကျော်ကို တစ်စောင်လျှင် သုံးရာကျပ်ဖြင့်ရောင်းချပေး

**မြင့်မြတ်အောင်မြင်**

နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်ဖြစ်သော ဗီယက်နမ်-ရန်ကုန် အပါအဝင် အခြားသောနိုင်ငံတကာခရီးစဉ်များအတွက် လေကြောင်းခရီးစဉ်လက်မှတ်တစ်စောင်လျှင် ကျပ်သုံးရာနှင့် (ဗီယက်နမ်ဒေါင် ၅,၀၀၀) ဖြင့် Vietjet လေကြောင်းလိုင်းမှ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များအား အရောင်းမြှင့်တင်ရေးနှင့် နိုင်ငံတကာခရီးစဉ်များဖြစ်သော ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအစရှိသည့် လေကြောင်းလိုင်းခရီးစဉ်များအတွက် လက်မှတ်စောင်ရေ ငါးသန်းကျော်ကို အွန်လိုင်းမှတစ်ဆင့် ကြိုတင်စနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း Vietjet ၏သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်း Vietjet လေကြောင်းလိုင်းခရီးစဉ်မှ လက်မှတ်များကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ရောင်းချပေးနေပြီး၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပရိုမိုးရှင်းကာလအတွင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိုးအချိန်အတွင်း အွန်လိုင်းမှ ဘိုကင်စနစ်ဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဝယ်ယူနိုင်ပြီး သတ်မှတ်အချိန်ထက်ကျော်လွန်ပါက ပုံမှန်ခရီးစဉ်အလိုက် သတ်မှတ်ဈေးနှုန်းများအတိုင်းသာ ငွေပေးချေ ဝယ်ယူရမည်ဖြစ်ကြောင်း Vietjet လေကြောင်းလိုင်းမှ ထုတ်ပြန်ထားသည်။

နိုင်ငံတကာ Vietjet လေကြောင်းလိုင်း ခရီးစဉ်လက်မှတ်များကို ကျပ်သုံးရာဖြင့် ဝယ်ယူလိုပါက www.vietjetair.com၊ မိုလ်ဘိုင်းဖုန်းများအတွက် https://m.vietjetair.com နှင့် www.facebook.com/vietjetmyanmar စာမျက်နှာများတွင် 'Booking' tad ကိုနှိပ်ခြင်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

# လူကိုဖျက်သောအရက်နှင့် သူ၏ဓာတုဗေဒ

ဒေါက်တာလပြည့်ခင်

'ဝါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်' ဆိုသည့်ဆိုရိုးအတိုင်း ဤဆောင်းပါးတွင် သက်ရှိအပင်ဖြစ်သည့် ဝါးကိုဖျက်သည့်ဝါးမျက်အကြောင်းကိုအသာထား၍ သက်ရှိလူကိုဖျက်သည့် အရက်နှင့်ပတ်သက်သည့် အကြောင်းအရာများကိုသာ ဦးတည်ဖော်ပြသွားပါမည်။ အဘယ်ကြောင့်ဆိုသော် ရှေးရှေးကတည်းက သေစေတတ်သောအရည်ဖြစ်သောကြောင့် သေရည်ဟုခေါ်ခဲ့သည့်အရက်ကို ယခင်ကအမျိုးသားများသာ သောက်သုံးခဲ့ကြသော်လည်း ယခုခေတ်တွင်အမျိုးသမီးများပါ အမျိုးသားများနှင့်တန်းတူ အားကျမခံ သောက်သုံးလာကြသည်ကို တွေ့မြင်နေရသဖြင့်လည်းကောင်း၊ ဖျော်ဖြေရေးအစီအစဉ်များကြည့်ရှုပြီး အားကျအတုယူကာ ခေတ်မီအောင်သဘောဖြင့်လည်းကောင်း၊ အရက်သေစာသောက်စားမှုယစ်လာကြသည်ကို တွေ့မြင်နေရပါသဖြင့် အမြင်မတော်ဆင်တော်နှင့် ခလောက်ဆိုသလို မရေးဘဲမနေနိုင်တော့သဖြင့် ရေးရခြင်းဖြစ်ပါသည်။ သို့သော် အရက်သည်လည်း စားသောက်ကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများစာရင်းတွင်ပါဝင်သော ဓာတုပစ္စည်းအမျိုးအစားတစ်ခုသာဖြစ်သဖြင့် ဓာတုပစ္စည်းစီမံခန့်ခွဲမှုများထဲမှ ခေါင်းစဉ်တစ်ခုအနေဖြင့်သာ သုံးသပ်ရေးသားဖော်ပြသွားမည်ဖြစ်ပါသည်။

အယ်လ်ကိုဟော (Alcohol) သည် အရက်ဖြစ်စေသော ဓာတုပစ္စည်းတစ်မျိုးဖြစ်သော်လည်း စွမ်းအင် (Energy) ကိုပေးသဖြင့် အစာ (Food) ဟုယူဆ၍ရပါသည်။ အလေးချိန် ၁ ဂရမ်ခြင်းတူလျှင် ကာဗိုဟိုက်ဒရိတ်နှင့် ပရိုတင်းတို့တွင် စွမ်းအင် ၄ ကယ်လိုရီ စီသာပါပြီး အယ်လကိုဟောတွင် ၇ ကယ်လိုရီ ပါသည်။ သို့သော် အယ်လ်ကိုဟော၏အာနိသင်သည် အာရုံကြောများပေါ်တွင်လည်း သက်ရောက်သဖြင့် မူးယစ်ဆေး Drug ပင်ဖြစ်သည်။ အနည်းငယ်သောက်လျှင် အာရုံခံစားမှုမှုန်ကြွပြီး၊ များလာလျှင် မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ အဆမတန်များလျှင် သေစေနိုင်ပါသည်။ ခန္ဓာကိုယ်သည် အခြားသောအစားအစာများကို တစ်ဆင့်ပြီးတစ်ဆင့် ကြေညက်အောင်လုပ်ပြီးမှ စုပ်ယူသုံးစွဲနိုင်သော်လည်း အယ်လ်ကိုဟောကိုမူ ထိုသို့ခြေစရာမလိုဘဲ ခန္ဓာကိုယ်မှ တိုက်ရိုက်စုပ်ယူနိုင်ပါသည်။ အယ်လ်ကိုဟော အားလုံးနီးပါးသည် အူသိမ်နှင့်အစာအိမ်နံရံတို့တွင် စုပ်ယူခြင်းခံရသည်။ စုပ်ယူချိန်သည် အယ်လကိုဟောမည်မျှပါသည်၊ မည်မျှသောက်သည်၊ အရက်သောက်ရင်း (သို့) မသောက်မီ စားသည့်အစာနှင့် ထိုအစာ၏ပမာဏ စသည့်အချက်များပေါ်တွင်မူတည်၍ နာရီဝက်မှ ၂ နာရီထိကြာနိုင်ပါသည်။



အရက်ဆိုသည်မှာ အလွန်အကျွံသောက်စားမိလျှင် အသိစိတ်ပျောက်ကာ တွေ့မြင်လေရာ မူးယစ်ရမ်းကားပြီး လူသတ်မှုအထိဖြစ်စေနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း စောင့်ထိန်းအပ်သည့် ကံငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော 'သေရည်သေရက် သောက်စားခြင်း'ပြစ်မှုကိုကျူးလွန်မိပြီးလျှင် အခြားကံလေးပါးကို မဆင်မခြင်အလွယ်တကူ ပြစ်မှားကျူးလွန်စေတတ်သည့် ဥပမာများစွာ ရှိနေဆဲလည်းဖြစ်ပါသည်။ ယခုခေတ်တွင် ပိုမိုဆိုးရွားလာပြီး သားသမီးအရင်းများက မိဘအရင်းကို မသေမချင်း ဓားနှင့်ခုတ်သတ်သည့်သတင်းများကို သတင်းစာများတွင် မကြာခဏ ဖတ်ရှုနေရပါသည်။ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးများနှင့် အရက်သေစာများ အလွန်အကျွံသောက်စားထားခြင်းကြောင့်သာ ထိုကဲ့သို့ အလွန်တရာမိုက်မဲသော အပြုအမူများကို ကျူးလွန်ကုံခြင်းဖြစ်ပေသည်။

ဤနေရာမှာ အီသနောလို့ခေါ်တဲ့ အီသိုင်းအယ်လ်ကိုဟော၏ ကောင်းကျိုးဆိုးကွက်များကို အနည်းငယ်ရှင်းပြလိုပါသည်။ သကြားအားဓာတ်ကူပစ္စည်းတဆေးဖြင့် အချဉ်ဖောက်ခြင်းဖြင့် သောက်စရာ Alcoholic ပစ္စည်းအဖြစ် အယ်လ်ကိုဟောကို အဓိကတွေ့ရှိရပါသည်။ အီသနောလ်သည် အငွေ့ပျံလွယ်သော၊ မီးတောက်လွယ်သော၊ အရောင်မရှိသော အရည်တစ်မျိုးဖြစ်ပြီး ဓာတုပစ္စည်းအနံ့အနည်းငယ်ရှိပါသည်။ အီသနောနှင့် ရေဖျော်ရည်မှာ အယ်လ်ကိုဟော ၄၀% ပါဝင်သောကြောင့် 26º C/79F တွင် မီးတောက်နိုင်ပြီး Pure Alcohol ၏ Flash Point သည် 16.6º C/62F အဖြစ်လည်းကောင်း၊ ဖျော်ရည်အနေဖြင့်လည်းကောင်း၊ လောင်စာအနေဖြင့်လည်းကောင်း အသုံးပြုကြခြင်းဖြစ်ပါသည်။ Alcohol Thermometer အများစုတွင် Active Fluid အဖြစ်တွေ့ရှိရပါသည်။ ဘက်တီးရီးယား၊ မှိုနှင့် ဗိုင်းရပ်စ်ပိုးမွှားများကိုသတ်သည့် ပိုးသတ်ဆေးအနေဖြင့် ကျန်းမာရေးသုံးကိရိယာများတွင် အသုံးပြုသည့်အပြင် ချောင်းဆိုးပျောက်ဆေးရည်တွင်လည်း ထည့်သုံးလေ့ရှိပါသည်။

အခြားအများဆုံး အသုံးပြုသောနေရာတစ်ခုမှာ မော်တော်ယာဉ်အင်ဂျင်လောင်စာနှင့် Fuel Additive ဖြည့်စွက်လောင်စာပစ္စည်းအဖြစ်လည်းကောင်း၊ Liquid နှစ်မျိုးအသုံးပြုရသော Rocket များတွင်လည်း လောင်စာအဖြစ်လည်းကောင်း၊ Fuel Cell တွင်လည်းကောင်း၊ အီသနောလ်ကို ကျယ်ပြန့်စွာအသုံးပြုကြပါသည်။ ထို့အပြင် Organic Compound များအတွက် Precur - sor အဖြစ်အသုံးပြုပြီး သဘော်ဆေး (Paings)၊ တင်ချာဆေးရည် (Tinctures)၊ Markers များနှင့် Personalcare Products များဖြစ်သည့် ပါးစပ်ဆေးရည် (Mouth wash)၊ ရေမွှေး (Perfumes) နှင့် အနံ့အသက်ပျောက်ဆေး Deodo - rants တို့တွင်လည်း Solvent အနေဖြင့်အသုံးပြုပါသည်။ ကျန်းမာရေး DNA နှင့် RNA များသန့်စင်ရာတွင်လည်း အသုံးဝင်ပါသည်။ သို့သော် အယ်လ်ကိုဟောသည် အာရုံကြောစနစ်များကို အဆိပ်အတောက်ဖြစ်စေပြီး အာရုံကြောတစ်ရှူးများကို ပျက်စီးစေကာ ဦးနှောက်၏လုပ်ဆောင်မှုများကို ပြောင်းလဲစေပြီး နောက်ဆုံးရှူးသွပ်ကာ အသက်သေသည်အထိဖြစ်စေနိုင်ပါသည်။

ထိုကဲ့သို့ သက်မဲ့အရာများအတွက် အသုံးဝင်မှုများပြားသော်လည်း သက်ရှိလူသားများအတွက်မူ အသက်အန္တရာယ်ထိ ခြိမ်းခြောက်နေသည့် သောက်မိသူတိုင်းဖြတ်ဖို့ခဲယဉ်းသည့်အရာလည်းဖြစ်သော သေရည်အရက်နှင့် အယ်လ်ကိုဟောပါဝင်မှုနည်းသော ဘီယာ Beer နှင့် Wine တို့၏ ဖြစ်ပေါ်လာပုံနှင့်ချက်လုပ်ပုံအမျိုးမျိုးတို့ကို ဆက်လက်တင်ပြသွားပါမည်။ ရှေးဦးစွာ ဓာတုပစ္စည်းတစ်မျိုးဖြစ်သော အရက်အကြောင်းကိုပြောလိုပါသည်။

**အရက်**

ကမ္ဘာပေါ်တွင် အရက်အမျိုးမျိုးရှိသလို ရှိသောအရက်အမျိုးမျိုး၏ ဓာတုဗေဒအမည်သည် အီသိုင်းအယ်လ်ကိုဟော Ethyl Alcohol တစ်ခုတည်းသာဖြစ်သည်။ ၎င်းသည် အရောင်မရှိသောအရည်ဖြစ်ပြီး ရေဆူမှတ်မှာ ၇၈ ဒီဂရီစင်တီဂရိတ် (78ºC) ဖြစ်သဖြင့်ရေသည် ၁၀၀ ဒီဂရီစင်တီဂရိတ် (100ºC) တွင် ဆူသောကြောင့် ရေထက်အငွေ့ပျံလွယ်ကြောင်း သိနိုင်ပါသည်။ အီသိုင်းအယ်လ်ကိုဟောကို မီးရှို့ပါက အပြာရောင်မီးတောက်မြင်ရသည်။ နွားနို့ကဲ့သို့ ရေနှင့်အချိုးအမျိုးမျိုးထားပြီး ရောနိုင်သောကြောင့် ရေထိုး၍အရောင်းခံရသော အစားအသောက်များ ဖြစ်နေပါသည်။ ဆူးခရိုစ့် Sucrose ကို ကစော်ဖောက်ခြင်း Fermentation ဖြင့် အီသိုင်းအယ်လ်ကိုဟော Ethyl Alcohol ကို ရရှိပါသည်။ ထို့ကြောင့် အရက်ကို သကြား (သို့) သကြားပါသော တင်လဲရည်၊ ကြံသကာ၊ ထန်းလျက်တို့မှလည်းကောင်း၊ စပျစ်၊ သရက်စသည့် ချိုသောအသီးများမှလည်းကောင်း ချက်နိုင်သကဲ့သို့ ကစီဓာတ်ဟုခေါ်သည့် ကာဗိုဟိုက်ဒရိတ် Carbohydrate ကိုရေသွင်းဖြိုခွဲလျှင် သကြားကိုရနိုင်သဖြင့် ကာဗိုဟိုက်ဒရိတ်များများပါသော ဆန်၊ ကန်စွန်းဥ၊ အာလူးစသည်တို့မှလည်း အရက်ချက်နိုင်ပါသည်။

သို့ရာတွင် မသမာသူများက ၎င်းတို့အကျိုးစီးပွားရေးအတွက် အရက်ချက်သည့်အခါတွင် ဖားပြုတ်ထည့်ခြင်း၊ ဖိနပ်တာယာများထည့်ခြင်း၊ မှိုတက်ပြီး အချဉ်ဖောက် Fermenta- tion မြန်စေရန်အတွက် ဆိုင်ရာနိုက် (Cyanide) အဖြစ်ပြောင်းပေးနိုင်သည့် Urea ဓာတ်မြေဩဇာထည့်ခြင်း၊ ၂ သက်၊ ၃ သက်အထိသေစေနိုင်သည့် အင်ဒရင်း (Endrin) ပိုးသတ်ဆေးနှင့် ကင်ဆာဖြစ်စေသည့် ဆေးရွက်ကြီး Tobacco Leaf တို့ကို ထည့်သွင်းချက်လုပ်ခြင်း၊ အရက်တွင် ရမ်အဆီအနှစ် Essence of Rum ထည့်ခြင်း၊ ဝီစကီအဆီအနှစ် Ess- ence of Wishky ထည့်သွင်းခြင်းတို့ဖြင့် နည်းအမျိုးမျိုးဖြင့်အရက်ကို ချက်လုပ်ရောင်းချနေသဖြင့် အသက်ဆုံးပါးမှုများ ပြည်တွင်းပြည်ပသတင်းများတွင် မကြာခဏကြားသိနေရပါသည်။

အရက်ချက်လုပ်ရာတွင် ကာဗိုဟိုက်ဒရိတ်ကို ရှေးဦးစွာအက်ဆစ်ပြင်းများသုံး၍လည်းကောင်း၊ သက်ဆိုင်ရာအင်ဇိုင်းများ သုံး၍လည်းကောင်း၊ ဂလူးကို့စ် သကြားဖြစ်အောင် ဓာတ်ပြုရပါသည်။ ထိုဂလူးကို့စ်ကို ဇိုင်းမေ့ (Zymase) ခေါ် အင်ဇိုင်းဖြင့် ဖောက်သည့်အခါ အီသိုင်းအယ်လ်ကိုဟောကိုရရှိသည်။ ဇိုင်းမေ့အင်ဇိုင်းသည် အင်ဇိုင်း ၁၄ မျိုးပေါင်းစပ်

စာမျက်နှာ ၁၂ သို့ -

**စာမျက်နှာ ၁၁ မှ -**

ပါဝင်နေသော အင်ဇိုင်းဖြစ်ပြီး တဆေး (Yeast) မှရရှိနိုင်သည်။ ထို့ကြောင့် ဤအဆင့်တွင် တဆေးထည့်သုံးရသည်။ ဂလူးကို့စ်မှ အီသိုင်းအယ်လ်ကိုဟောသို့ ဓာတ်ပြောင်းလဲမှုဖြစ်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ $CO_2$ ထွက်လာသည်။ ထို့ကြောင့် ကစော်ဖောက်ထားသော စိမ်ရည်အိုးများကိုကြည့်ပါက အမြှုပ်လေးများ ပလုံစီထနေသည်ကို တွေ့ရခြင်းဖြစ်သည်။ သကြား (သို့) တင်လဲရည်ကို အရက်ချက်မည်ဆိုပါက ရေသွင်းဖြိုခွဲသည့် အဆင့်ကို လုပ်စရာမလိုဘဲ ၎င်းအစား ဂလူးကို့စ်သကြားမှသာ အီသိုင်းအယ်လ်ကိုဟောကို တိုက်ရိုက်ဖြစ်စေသောကြောင့် ဆူးခရို့စ်သကြားကို ဂလူးကို့စ်သကြားဖြစ်အောင် ဦးစွာပြောင်းပေးရပါသည်။ ၎င်းအဆင့်တွင် လိုအပ်သော အင်ဇိုင်းများသည်လည်း တဆေးထဲတွင်ပါနေသောကြောင့် ဆူးခရို့စ်သကြားကို ဂလူးကို့စ်သကြားဖြစ်အောင် သီးခြားလုပ်စရာမလိုပေ။ အသုံးပြုသည့်ကုန်ကြမ်းနှင့် ကစော်ဖောက်ပြီးနောက် ပေါင်းခံ/မခံဆိုသည့် အချက်နှစ်ချက်ပေါ်တွင်မူတည်၍ အရက်အမျိုးမျိုးကွဲပြားသွားပါသည်။ ဆက်လက်၍ အရက်ပြင်းချက်လုပ်နည်းများကို တင်ပြသွားပါမည်။

**အရက်ပြင်းများ**

စိမ်ရည်ကိုပေါင်းခံခြင်း (Distillation) ဖြင့်ရရှိလာသော အယ်လ်ကိုဟောများကို အရက်ပြင်းများ (Strong Alcohol) ဟုခေါ်ပါသည်။ ပေါင်းခံခြင်းဆိုသည်မှာ ဆူမှတ်အနိမ့်အမြင့်အလိုက် ခွဲထုတ်ပေးခြင်းဖြစ်ပါသည်။ အီသိုင်းအယ်လ်ကိုဟောသည် ရေထက်ဆူမှတ်နိမ့်သောကြောင့် အငွေ့ဖြစ်လွယ်သည်။ ၎င်းအငွေ့ကိုဖမ်း၍ အအေးခံသည့်အခါ အယ်လ်ကိုဟော ရာခိုင်နှုန်းများသော အရက်ကိုရသည်။ မုယောစပါးကို ဖောက်ထားသောစိမ်ရည်ကို ပေါင်းခံပြီးချက်လျှင် ဝီစကီ (Whisky) ကိုရသည်။ ဝိုင်ကိုပေါင်းခံလျှင် ဘရမ်ဒီ (Brandy) ကိုရပြီး တင်လဲရည်ကို ဖောက်၍ရသောစိမ်ရည်ကို ပေါင်းခံလျှင် ရမ် (Rum) ကိုရပါသည်။ အရက်ဖောက်သည့်အခါ၌ အဓိကကုန်ကြမ်းအပြင် ဒေသထွက်သစ်ရွက်သစ်ခေါက်များကိုလည်း အစဉ်အလာအရထည့်ကြသည်။ ထို့ကြောင့် ရလာသောအရက်များသည် ဒေသတစ်ခုနှင့်တစ်ခုမတူဘဲ အနံ့အရသာကွဲပြားကြခြင်းဖြစ်ပါသည်။ ပေါင်းခံပြီးမှ အနံ့အရသာပေးသောဓာတုပစ္စည်းထည့်ပေးခြင်းမျိုးလည်း ပြုလုပ်လေ့ရှိသည်။ ကြာရှည်သိုလှောင်ခြင်းဖြင့်လည်း အရက်ပြင်းများသည် တဖြည်းဖြည်းရင့်လာပြီး အနံ့အရသာထူးခြားလာပေသည်။ ဘီယာတစ်ခွက်သောက်လျှင် သွေးထဲတွင် အယ်လ်ကိုဟောပမာဏ ၀.၀၅ ရာခိုင်နှုန်းခန့် ရောက်သွားသကဲ့သို့ အရက်ပြင်းများသောက်လျှင် ၁၅ မိနစ်မှနာရီဝက်အတွင်း ရောက်သွားနိုင်သည်။ အချိန် ၄၅ မိနစ်ခန့်ကြာလျှင် အယ်လ်ကိုဟောပါဝင်နှုန်းမှာ ၀.၁ ရာခိုင်နှုန်းခန့်ထိ တက်လာသည်။ ထိုပမာဏသည် လူကိုနိုးကြွစေသောပမာဏဖြစ်သည်။ အချိန်တစ်နာရီသာသာခန့်ရောက်လျှင် ၀.၁၄ ရာခိုင်နှုန်းခန့်ထိ တက်လာပါသည်။ သွေးထဲတွင် အယ်လ်ကိုဟောပါဝင်နှုန်း ၀.၁၅ ရာခိုင်နှုန်းထိရှိလာပါက မိမိကိုယ်မိမိ မထိန်းနိုင်တော့ပေ။ ၀.၆ ရာခိုင်နှုန်း ထိတက်ပါက မုချသေနိုင်ပါသည်။

လူကိုဖျက်သော အရက်ဟူသည့်ဆိုစကားအတိုင်း မိသားစုတစ်စုလျှင် အရက်သောက်သူတစ်ယောက်ပါခြင်းဖြင့် မိသားစုဝင်အားလုံး စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများစွာဖြစ်ကြရပြီး အရက်တကွဲ အကျိုးနည်းစေပါသည်။

**ဘီယာ**

ဘီယာသည် မုယောစပါးကို ဖောက်ထားခြင်းဖြစ်ပြီး အနံ့အရသာအတွက် ဗျစ်ပွင့်ကိုအသုံးပြုကြပါသည်။ ဘီယာတွင် အယ်လ်ကိုဟော ၃-၄ ရာခိုင်နှုန်းပါဝင်သည်။ ထို့ကြောင့် ဘီယာတစ်ခွက်သောက်လျှင် သွေးထဲတွင်အယ်လ်ကိုဟော ၀.၀၅ ရာခိုင်နှုန်းခန့် ရောက်ရှိသွားပါသည်။ မုယောစပါးနှင့် ဖောက်ပြီးနောက် မချက်ဘဲသောက်၍ရပါသည်။ ဘီယာအစိမ်း (Draft Beer) တွင် ကစော်ဖောက်စဉ်က အသုံးပြုခဲ့သော တဆေးများထဲမှ အင်ဇိုင်းများပါရှိနေသည်။ ကြာကြာထားလျှင် ၎င်းအင်ဇိုင်းများက ဆက်လက်အလုပ်လုပ်နေကြသဖြင့် အနံ့အရသာပြောင်းသွားသောကြောင့် ကြာကြာအထားခံရန် ဘီယာကိုပုလင်းသွင်း၊ စည်သွတ်ပြီးအပူပေး၍ ပိုးသတ်ကြပါသည်။ အပူကြောင့် ဘီယာ၏အနံ့အရသာ ပျက်သဖြင့် တချို့ကပိုးသတ်ထားသောဘီယာကို မကြိုက်ကြဘဲ ပိုးမသတ်ရသေးသည့် ဘီယာအစိမ်းကိုသာ ကြိုက်ကြသည်။ ဘီယာအစိမ်းသည် လပိုင်းအတွင်းသောက်မှ ကောင်းသဖြင့် ထုတ်လုပ်သည့်လနှင့် သက်တမ်းကုန်သည့်လများကို ဖော်ပြထားကြပါသည်။ ယခုခေတ်တွင် သံစည်တွင်း၌ ဘီယာစိမ်းများကိုထည့်ကာ စည်ဘီယာအဖြစ် စားသောက်ဆိုင်များတွင် ကျယ်ကျယ်ပြန့်ပြန့် နေရာယူလာနေသည်ကို တွေ့နိုင်ပါသည်။

**ဝိုင်**

ဝိုင်ကို အဓိကအားဖြင့်စပျစ်သီးမှဖောက်လေ့ရှိကြပါသည်။ နာနတ်သီး၊ မက်မန်းသီး၊ ချဉ်စော်ကားသီး အပါအဝင် အခြားသစ်သီးများကိုလည်း သုံးနိုင်ပါသည်။ အသီးတွင် အချိုဓာတ်ပါဝင်မှုနည်းပါက သကြားကူ၍ဖောက်ပေးရပါသည်။ ကစော်ပေါက်လျှင် ထိုသစ်သီးဖတ်များကို စစ်ပစ်ပါသည်။ ဘီယာသည် လတ်ဆတ်မှကောင်းသော်လည်း ဝိုင်သည် နှစ်ချို့လေ တန်ဖိုးကြီးလေဖြစ်သည်။ ဝိုင်ဖောက်ရာ၌ စပျစ်သီး၏ အခွံပါလျှင် ဝိုင်နီရ၍ မပါလျှင် ဝိုင်ဖြူကိုရပါသည်။ ဝိုင်တွင် အယ်လ်ကိုဟော ၉ ရာခိုင်နှုန်းထိပါဝင်ပါသည်။ ရှယ်ရီ (Sherry) သည် အယ်လ်ကိုဟော ၁၆ ရာခိုင်နှုန်းပါသော အပြင်းစားဝိုင်ဖြစ်သည်။ ဝိုင်တွင် အယ်လ်ကိုဟောထပ်ဖြည့်ခြင်းဖြင့် ရှယ်ရီကိုရပါသည်။ ရှန်ပိုင် (Champagne) ဆိုသည်မှာ ဝိုင်ကို ဘီလပ်ရည်ကဲ့သို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သွင်းထားခြင်းဖြစ်ရာ ရှန်ပိုင်ပုလင်းဖောက်လိုက်လျှင် အမြှုပ်များပန်းထွက်လာခြင်းဖြစ်ပါသည်။

အထက်ပါအတိုင်း အကျဉ်းချုပ်မျှ ကျွန်မတင်ပြသွားသော ဓာတုပစ္စည်းစာရင်းတွင် အကျုံးဝင်သည့် ကောင်းကျိုးမရှိ ဆိုးကျိုးများသာဖြစ်စေနိုင်သော လူကိုဖျက်သည့်သေရည်သေရက်များဖြစ်သည့် အရက်၊ အရက်ပြင်း၊ ဘီယာနှင့်ဝိုင်ချက်လုပ်ပုံများကိုသိရှိပြီး လွယ်လွန်းသည်ဟုယူဆကာ လက်တဲ့မစမ်းစေလိုပါ။ ၎င်းတို့၏ဆိုးကျိုးများကိုသာ သိစေလိုရင်းဖြစ်ပါသည်။ ဘယ်အရာမဆို တန်ဆေးလွန်ဘေးရှိစမြဲမို့ လုံးဝမဖြတ်နိုင်သေးလျှင် အတိုင်းအတာတစ်ခုထိသာ သောက်သုံးသင့်ကြောင်း အသိပေးတင်ပြရပါသည်။

## 5S Training ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ

အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင် 5S Training ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၇) အား ဇန်နဝါရီလ ၉ ရက်နေ့၌ စက်ရုံမှူး ဦးကျော်ထွန်းက ကြီးမှူးဖွင့်လှစ်ပေးခဲ့ပြီး လက်ထောက်စက်ရုံမှူး ဦးစမြင့်သိန်းက သင်တန်းသား ၅၀ ဦးအား (၉-၁-၂၀၁၇) ရက်နေ့မှ (၂၀-၁-၂၀၁၇) ရက်နေ့အထိ ၁၀ ရက်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။




## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အကူသူနာပြု တိုးမြှင့်ခန့်မည်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာဦးရေနှင့်သူနာပြုအရေအတွက် မျှတမှုမရှိခြင်းကြောင့်လိုအပ်သော အကူသူနာပြုများကိုတိုးမြှင့်ခန့်အပ်မည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုကပြောသည်။

လက်ရှိရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ သူနာပြုဦးရေ ၃၀၀ ခန့်သာရှိသည့်အတွက် လူနာဦးရေနှင့်သူနာပြုဦးရေမှာမျှတမှုမရှိရာ ယင်းအတွက် အကူသူနာပြုများ အမြန်ဆုံးခန့်အပ်မည်ဖြစ်ကြောင်းသိရသည်။

သူနာပြုသင်တန်းတက်ရောက်ပြီးသူများအနေဖြင့် အစိုးရဆေးရုံများအပြင် ပုဂ္ဂလိကဆေးရုံများ၊ ဂျပန်နှင့်စင်ကာပူနိုင်ငံတို့ရှိဆေးရုံများ၌ သူနာပြုအလုပ်အကိုင်လျှောက်ထားမှုများရှိနေသည့်အတွက် အစိုးရဆေးရုံများတွင် သူနာပြုဝန်ထမ်း လိုအပ်ချက်များရှိနေခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသနေသောအတွင်းလူနာဦးရေ ၁,၆၀၀ ဦးမှ ၁,၇၀၀ ဦးအထိရှိနေပြီး ပြင်ပလူနာမှာတစ်ရက်လျှင် ၂၀၀ ဦးခန့်ရှိသည်။

**ဟိန်းသူ**

## ကျိုက်ထီးရိုးစေတီတော် လုံခြုံရေး CCTV ကင်မရာ တိုးမြှင့်တပ်ဆင်မည်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်ချောင်ကျေးရွာရှိ ကျိုက်ထီးရိုးစေတီတော်တွင် ၂၀၁၇ ခုနှစ်အတွင်း လုံခြုံရေးအတွက် CCTV ကင်မရာများ တိုးမြှင့်တပ်ဆင်မည်ဖြစ်ကြောင်း သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး နန္ဒဝင်းကပြောသည်။

'လက်ရှိအနေအထားမှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စေတီတော်ပရဝဏ်အတွင်းမှာ စောင့်ကြပ်နေပါတယ်။ CCTV ၂၄ လုံးလည်း တပ်ဆင်ထားပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အချိန်ပြည့်စောင့်ကြည့်ဖို့ အဆင်မပြေတဲ့နေရာတွေမှာ CCTV ကင်မရာတွေအသစ်တိုးချဲ့တပ်ဆင်မယ်' ဟု ၎င်းကပြောသည်။ ကျိုက်ထီးရိုးစေတီတော်တွင် CC TV ကင်မရာများအပြင် လုံခြုံရေးဆိုင်ရာ သတိပေးဆိုင်းဘုတ်များ၊ အသံချဲ့စက်များဖြင့်နှိုးဆော်ခြင်း၊ အတက်/အဆင်းလမ်းများ စနစ်တကျသတ်မှတ်ခြင်း၊ X-ray စက်များ၊ Walk Through စက်များ၊ မိုင်းရှာစက်များဖြင့် လုံခြုံရေးကိုဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ လုံခြုံရေးအတွက် ယခင်ရှိပြီးသား CCTV ၂၄ လုံးအပြင် စုစုပေါင်း ၅၈ လုံး၊ X-ray စက်တစ်လုံး၊ Walk Through စက်တစ်လုံးထပ်မံတပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**လေးမောင်မောင်**

## အခန်း ၁၀၈ ခန်းနှင့်အထက်ပါရှိမည့်အဆောက်အဦ ထရန်စဖော်မာနှင့် မီးစက်ထားရန် မြေနေရာရှိမှခွင့်ပြုမည်

ရန်ကုန်မြို့တော်အတွင်း တည်ဆောက်မည့်အဆောက်အအုံများတွင် အခန်း ၁၀၈ ခန်း အထက်ဖြစ်ပါက ထရန်စဖော်မာနှင့်မီးစက်များထားရန် မြေနေရာရှိမှသာ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ထံမှ သိရသည်။

အဆောက်အအုံတည်ဆောက်ရန် ပါမစ်တင်လာပါက ထရန်စဖော်မာနှင့်မီးစက်ကြီးများထားရှိမည့်နေရာများကို တစ်ပါတည်းထည့်သွင်းကာ အဆောက်အအုံဒီဇိုင်းပုံစံပါထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း သိရသည်။

မီးစက်များနှင့် ထရန်စဖော်မာများကို လမ်းများပေါ်တွင်ထားရှိခွင့်ကို လုံးဝခွင့်ပြုတော့မည်မဟုတ်ပေ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နမိတ်အတွင်း နေထိုင်ခွင့်ကျရန် စောင့်ဆိုင်းနေသောကန်ထရိုက်တိုက်အလုံးရေ ၄၀၀ ကျော်နှင့် ဆောက်လုပ်ဆဲကန်ထရိုက်တိုက် ၃၀၀ ခန့်ရှိသည်။ ယင်းတိုက်များတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ လျှောက်ထားပါက ကီလိုဝပ် ၃၀ ကျော်လျှင် ကိုယ်ပိုင်ထရန်စဖော်မာတစ်ပါတည်း တပ်ဆင်အသုံးပြုရမည်ဖြစ်သည်။

ယင်းအတွက်ခွင့်ပြုပုံစံအတိုင်း ဆောင်ရွက်ခြင်းမရှိပါက အရေးယူမှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

**အောင်သာဝေ**

## ဟိုတယ်ဆိုင်ရာအခမဲ့သင်တန်း မန္တလေးနှင့်ပုဂံတွင် တိုးချဲ့သင်ကြားမည်

**ရန်ဖြိုးသိမ်း**

၂၀၁၇ ခုနှစ်အတွင်း ဟိုတယ်ဆိုင်ရာသင်တန်းကို မန္တလေးနှင့်ပုဂံတို့တွင်တိုးချဲ့၍ အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းပေးရန် ဟိုတယ်အလုံး ၃၀ ကို စိစစ်ရွေးချယ်ပြီးပါက လူငယ် ၃,၀၀၀ ဦးအထိ သင်တန်းပေးရန်ရည်ရွယ်ထားကြောင်း Swiss Contact မှ ဦးစိုးနိုင်ဦးကပြောသည်။ 'သင်တန်းမတက်နိုင်တဲ့ ကလေးတွေကိုဦးစားပေးပြီး လုပ်ပေးတာပါ' ဟု ၎င်းကပြောသည်။ Swiss Contact သည် ၂၀၁၄ ခုနှစ်မှစ၍ ဟိုတယ်သင်တန်းများဖွင့်လှစ်ပေးပြီး ရန်ကုန်နှင့်နေပြည်တော်ရှိ မိတ်ဖက်ဟိုတယ် ၄၄ လုံး နှင့်ပူးပေါင်းဆောင်ရွက်ကာ လူငယ် ၁,၈၀၀ ကျော်ကို သင်တန်းပို့ချပေးခဲ့သည်။

'အခုဆိုရင် ကျွန်တော်တို့စီမံကိန်းက ရန်ကုန်နဲ့နေပြည်တော်မှာတင်မဟုတ်ဘဲ မန္တလေးနဲ့ပုဂံကိုပါတိုးချဲ့ထားပါတယ်။ ၂၀၁၇ ခုနှစ်မှာ ဒေသလေးခုကိုသင်တန်းပေးဖို့ ရည်ရွယ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်နဲ့နေပြည်တော်မှာနေထိုင်ကြသူတွေသာမက မန္တလေးနဲ့ပုဂံက လူငယ်တွေကိုလည်း အခွင့်အရေးရစေချင်ပါတယ်' ဟု ဦးစိုးနိုင်ဦးကပြောသည်။


စက်မှုအလင်း ဂျာနယ်

**Beacon of Industry Journal**

**စာတည်းမှူးချုပ်**

ဦးကျော်လှိုင်

**ဒုတိယစာတည်းမှူးချုပ်**

ဦးစည်သူဝင်း

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**

ဦးဟိန်းမင်းဇာ

**စာမျက်နှာအပြင်အဆင်**

ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**

ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

**ထုတ်ဝေသူ**

ဦးအောင်စိုးရ

ထုတ်ဝေခြင်းလုပ်ငန်း

အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**

ဦးမောင်မောင်လှ

ရွှေနိုင်ငံ (၀၀၂၉၆)

ရန်ကုန်မြို့

စောင်ရေ ၃၇၀၀

**ဂျာနယ်တိုက်လိပ်စာ**

ရုံးအမှတ် (၃၀)

စက်မှုဝန်ကြီးဌာန

နေပြည်တော်

ဖုန်း - ၀၆၇ - ၄၀၅၀၅၇

၀၁ - ၂၅၀၆၅၁

E-mail

beaconofindustry@gmail.com


## စက်မှုဇုန်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ညှိနှိုင်းစည်းဝေး

**ထားဆုဖေ**

ဇန်နဝါရီလ ၉ ရက်နေ့၊ နံနက် ၁၀ နာရီက ရွှေပြည်သာစက်မှုဇုန် အပိုင်း (၁) စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမတွင် စက်ရုံ၊ အလုပ်ရုံများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလမ်းညွှန်မှုအား ရွှေပြည်သာစက်မှုဇုန် အပိုင်း (၁) ဥက္ကဋ္ဌဦးမျိုးသိန်းကဖတ်ကြားရှင်းလင်းဆွေးနွေးပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲထွန်းအောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်စွာလင်းတို့က မီးသတ်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ စက်မှုဇုန်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး၊ အလွယ်တကူမီးငြိမ်းသတ်နိုင်စေအောင် ကြိုတင်ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးကြပြီး အခမ်းအနားသို့ရွှေပြည်သာစက်မှုဇုန် (၁)၊ သာဓုကန်စက်မှုဇုန်၊ ဝါးတစ်ရာစက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

## ကျန်းမာရေးဆိုင်ရာ အားကစားလေ့ကျင့်ရေးခန်းမ လှိုင်သာယာတွင်ဖွင့်လှစ်

လုပ်ငန်းခွင်တွင် ကျန်းမာပျော်ရွှင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်နှင့် ကိုယ်ကာယအလှအပဆိုင်ရာ လေ့ကျင့်မှုများပြုလုပ်နိုင်စေရန် ရည်ရွယ်ကာ 24 Seven Service Group မှဦးစီး၍ 'Corner Gym Center' ကျန်းမာရေးဆိုင်ရာ အားကစားလေ့ကျင့်ရေးခန်းမကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်ရှိ အမှတ် (M-5)၊ အထက်ပဒေသာပင်လမ်း၊ FMI အိမ်ရာတွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။



အဆိုပါ အားကစားလေ့ကျင့်ရေးခန်းမတွင် ထိုင်ဝမ်နိုင်ငံထုတ် ခေတ်မီအားကစားလေ့ကျင့်ရေးပစ္စည်းများစုံလင်စွာ တပ်ဆင်ထားရှိပြီး ရန်ကုန်မြို့တစ်ဘက်ကမ်း လှိုင်သာယာမြို့နယ်ရှိ လူငယ်လူရွယ်များသာမက အသက်အရွယ်ကြီးရင့်သူများပါ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ ကိုယ်ကာယအလှအပဆိုင်ရာ လေ့ကျင့်မှုတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ လေ့ကျင့်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်၍ လတ်တလောအကျိုးအမြတ်ကို အဓိကမထားကြောင်း 24 Seven Service Group ၏ မန်နေဂျင်းဒါရိုက်တာ ဦးဖေျာ်ကျော်က ပြောကြားသည်။

'FMI အိမ်ရာဝင်းက ဧက ၄၄၀ ကျော်ကျယ်ဝန်းပြီး လူဦးရေ ၂,၀၀၀ ကျော်နေထိုင်ကြပြီး သူတို့တွေထဲက အားကစားလေ့ကျင့်လိုတဲ့သူတွေက လှိုင်မြစ်တစ်ဖက်ကမ်းမှာရှိတဲ့ Fitness Center တွေမှာ သွားရောက်လေ့ကျင့်နေကြရတာတွေ့ရတဲ့အတွက် ဒေသလိုအပ်ချက်ကိုဖြည့်ဆည်းတဲ့အနေနဲ့ Corner Gym ကိုဖွင့်လိုက်တာပါ။ ဒီမှာက Trainer သုံးဦး၊ Operation Manager တစ်ဦးထားရှိပြီး လာရောက်လေ့ကျင့်မယ့်သူတွေကို အချိန်ပြည့်ကြီးကြပ်သင်ကြားပေးမှုတွေ ပြုလုပ်ပေးမှာပါ။ Dancer အကပညာရှင်ဖေျာလင်း၊ ဇူးထက်၊ သွေးသစ်လင်းတို့က Hip Hop, Fitness, Aerobic Dance များကို သင်ကြားပေးမှာဖြစ်သလို ယောဂကျင့်စဉ်ကို ဆရာမသီရိက သင်ကြားပေးမှာဖြစ်ပါတယ်' ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယင်းအားကစားခန်းမတွင် ဝင်ရောက်လေ့ကျင့်လိုသူများအနေဖြင့် အားကစားနည်းတစ်ခုအတွက် တစ်နှစ်စာအသင်းဝင်ကြေး အမေရိကန်ဒေါ်လာ ၃၉၀ ပေးသွင်းရမည်ဖြစ်ပြီး၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ စာရင်းပေးသွင်းသူများအား ၅၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်ကြောင်း သိရသည်။ **မင်းထွက်**

# မူးယစ်ဆေးအစ ဆေးလိပ်၊ အရက်က

**ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း**ဆိုတာ ကျန်းမာရေးအတွက် အန္တရာယ်ရှိရုံမက၊ အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ပါတယ်။

**ဆေးလိပ်သောက်ခြင်း**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ကမ္ဘာတစ်ဝန်း လူသန်းပေါင်း ၅.၄ သန်းခန့် ဆေးလိပ်ကြောင့် သေဆုံးလျက်ရှိတယ်လို့ဆိုတယ်။ ဆေးလိပ်ကြောင့် သေဆုံးခြင်းကာကွယ်ရန်မှာ ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ခြင်းက အဓိကပါဝင်တယ်။ ဆေးလိပ်မှာ နီကိုတင်း ခေါ် စိတ်ကိုစွဲလန်းစေတဲ့ပစ္စည်းအပါအဝင် ဓာတုပစ္စည်းအမျိုးပေါင်း ၄,၀၀၀ ကျော်နဲ့ ကင်ဆာဖြစ်စေတဲ့ ပစ္စည်း ၂၂ မျိုးပါဝင်တယ်။ ဆေးလိပ်မှာပါတဲ့နီကိုတင်းဟာ ဦးနှောက်ရှိ အာရုံခံနေရာများမှာ ဓာတ်ပြုခြင်းအားလှုံ့ဆော်လို့ စိတ်ကျေနပ်မှုရရှိခြင်းကြောင့် စွဲလန်းခြင်းဖြစ်ပေါ်စေပါတယ်။

**ဆေးလိပ်သောက်ခြင်းဆိုးကျိုးများ**

နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်ရောဂါ၊ လည်ချောင်းကင်ဆာနဲ့ အခြားကင်ဆာများ၊ အဆုတ်လေပြွန်ရောင်ခြင်း၊ လက်နဲ့ခြေထောက်ရှိ သွေးလွှတ်ကြောကြီးများပိတ်ပြီး ခြေချောင်း၊ လက်ချောင်းပုပ်ခြင်း၊ ခြေထောက်ဖြတ်ရခြင်းကြောင့် လူစဉ်မမီခြင်း၊ ပန်းသေပန်းညှိုးရောဂါ၊ မိခင်များမှာ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးပေါင်မပြည့်၊ လမစေ့မွေးခြင်း၊ မွေးစကလေး သေဆုံးခြင်းအစရှိတဲ့ ကျန်းမာရေးဆိုးကျိုးအပြင် ငွေကုန်ကြေးကျများခြင်းစတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ ဆိုးကျိုးဖြစ်ပေါ်စေတယ်။ အိမ်ထောင်ဦးစီးမှာရောဂါရရင် မိသားစုစားဝတ်နေရေး ကျပ်တည်းစေနိုင်ခြင်း၊ ရောဂါရပါက မိသားစုမှာဆုံးရှုံးမှုကြီးမားခြင်း၊ မိသားစုလူမှုရေးဆုံးရှုံးမှု၊ မူးယစ်ဆေးသုံးစွဲမှုထိဖြစ်လာပြီး ရာဇဝတ်မှုများ များပြားခြင်းတို့ဖြစ်စေနိုင်ပါတယ်။ ဆေးလိပ်ဟာလူတို့ရဲ့ ကာယဉာဏစွမ်းအားထိခိုက်စေခြင်း၊ ဆေးရွက်စိုက်ခင်း၊ စီးကရက်စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းစတဲ့ လူမှုရေးဆိုးကျိုးများ ဖြစ်ပေါ်နိုင်လို့ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။

ဆေးလိပ်ကို ဘယ်အရွယ်ကစလို့ ဘယ်လောက်ပဲသောက်ခဲ့၊ ဖြတ်လိုက်တဲ့အချိန်မှစပြီး ကျန်းမာရေးကောင်းမွန်လာမယ်။ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဆုတ်ရောဂါစတဲ့ဆေးလိပ်ကြောင့်ဖြစ်တတ်တဲ့ ရောဂါများဖြစ်ပွားနိုင်မှုလျော့နည်းသွားတယ်။ လူ့သက်တမ်းစေ့နေနိုင်ဖို့ အခွင့်အရေးရှိလာတယ်။ မိသားစုကုန်ကျစရိတ်သက်သာပြီး ကျန်းမာပျော်ရွှင်ကြတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ဝန်ထုပ်ဝန်ပိုးလျော့နည်းသွားတယ်။

ဆေးလိပ်ဖြတ်ဖို့ ဆုံးဖြတ်ချက်ခိုင်မာစွာချရမယ်။ ဆေးလိပ်ဖြတ်မယ့်နေ့ကိုရွေးပြီး မိသားစုနဲ့သူငယ်ချင်းများကို မိမိဆေးလိပ်ဖြတ်ပြီဖြစ်ကြောင်း ကြေညာရမယ်။

လျှော့သောက်ဖို့မကြိုးစားပဲ တိကနဲဖြတ်တာ အကောင်းဆုံးဖြစ်တယ်။ ဆေးလိပ်နဲ့သက်ဆိုင်တဲ့ပစ္စည်းများ ပတ်ဝန်းကျင်မှာလုံးဝမရှိသင့်ပါ။ ဆေးလိပ်သောက်မယ့်နေရာများမသွားသင့်ပါ။ မိဘ၊ မိသားစုသူငယ်ချင်းများရဲ့ ထောက်ခံချက်ရယူသင့်တယ်။ ဆေးလိပ်မှာပါတဲ့ ‘နီကိုတင်း’ က စွဲလန်းနိုင်လို့ လူငယ်များအတုခိုး မမှားသင့်ပါ။ ဆေးလိပ်ကို နှစ်ပေါင်းများစွာသောက်လာသူများအနေဖြင့်လည်း ဘယ်အချိန်မှ ဖြတ်ဖို့နောက်ကျနေပြီလို့မရှိပါ။ မိမိစိတ်သာအဓိကဖြစ်တယ်။ ဆေးလိပ်မှ မူးယစ်ဆေးမလုပ်မိဖို့ သတိရှိသင့်ပါတယ်။



**အရက်စွဲခြင်း**

အရက်စွဲခြင်းကြောင့် ကမ္ဘာတစ်ဝန်းလူသန်းပေါင်း (၁၄၀) ခန့် အရက်ကျေးကျွန်ဖြစ်လျက်ရှိပါတယ်။ အရက်စသောက်တဲ့အရွယ်ငယ်လေ အရက်ကျေးကျွန်ဖြစ်ဖို့ များလေဖြစ်တယ်။ အရက်ပိုမိုသောက်ဖြစ်ဖို့ မျိုးရိုးနဲ့ ပတ်ဝန်းကျင်အကြောင်းတရားများက လွှမ်းမိုးနိုင်ပါတယ်။ အရက်ကိုအလွန်အကျွံသောက်ရင် ခန္ဓာကိုယ်ကျန်းမာရေးကိုသာမက စိတ်ကျန်းမာရေးပါထိခိုက်ပြီး လူမှုရေးပြဿနာများ ဖြစ်စေပါတယ်။

**ကျန်းမာရေးဆိုးကျိုးများ**

စိတ်ကျရောဂါ၊ စိတ်ဖိစီးမှုများခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ စိတ်လှုပ်ရှားမှုများခြင်း၊ စိတ်ရောဂါဖြစ်ခြင်းတို့ ဖြစ်နိုင်ပါ တယ်။

**လူမှုရေးဆိုးကျိုးများ**

အိမ်ထောင်ရေးပြဿနာများ၊ လူမှုရေးပြဿနာများ၊ ငွေရေးကြေးရေးပြဿနာများ၊ မကြံရွယ်ဘဲ လိင်ဆက်ဆံမိခြင်း၊ ယာဉ်တိုက်မှုနဲ့လုပ်ငန်းခွင် အန္တရာယ်ပိုများစေခြင်းဖြစ်စေပါတယ်။ အရက်သောက်သူများအနေနဲ့ အရက်ရဲ့ဆိုးကျိုးများ မခံစားရမီဆရာဝန်နဲ့ပြသဖြတ်ပါ။

**ကွမ်းစားခြင်း**

မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့က ဆေးလိပ်နှင့်အရက်အပြင် ‘ကွမ်းစားခြင်း’ ပါပိုလာတယ်။ ကွမ်းယာမှာအဓိကပါဝင်တဲ့ကွမ်းရွက်နဲ့ကွမ်းသီးဟာ အမည်ဆင်တူပေမယ့် သီးခြားအပင်မှရရှိတဲ့ အသီးအရွက်များဖြစ်တယ်။ ထုံးက သွားနဲ့အရိုးများ တည်ဆောက်ရာမှာပါဝင်တယ်။ သွားဖုံး၊ ပါး၊ အာခေါင်၊ လျှာတို့ရဲ့အပေါ်ယံလွှာများ ပျက်စီးလွယ်တယ်။ ထုံးပေါက်ရင် ကွမ်းသွေးမှာပါတဲ့ပစ္စည်းများ ပိုစိမ့်ဝင်နိုင်တယ်။ ကွမ်းယာမှာ အန္တရာယ်အပေးဆုံးက ဆေးရွက်ကြီးဖြစ်တယ်။ ဆေးရွက်ကြီးမှာပါတဲ့ ‘နီကိုတင်း’က တံထွေးနဲ့ပေါင်းပြီး ကင်ဆာဖြစ်စေတဲ့ပစ္စည်းအဖြစ် ပြောင်းလဲနိုင်တယ်။ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာမြို၊လမ်းကြောင်းကင်ဆာနဲ့ အစာအိမ်ကင်ဆာတို့ကိုလည်း ဖြစ်စေတယ်။ နီကိုတင်းရဲ့ အာနိသင်ကို ကွမ်းသီးမှာပါတဲ့ အေရိုကိုလစ် (Aerocolive) က ပိုမိုအစွမ်းထက်စေတယ်။ ကွမ်းယာမှာထည့်စားတတ်တဲ့ အမွှေးအကြိုင်များဟာ ခံတွင်းမှာကြာကြာထားပြီး များများစားသင့်တဲ့အစားမျိုး မဟုတ်ကြပါ။

ကွမ်းစွဲသူရဲ့ သွားမျက်နှာပြင်ဟာ ကွမ်းချေးကပ်နေပြီး၊ မူလသွားရောင်မရှိတော့ဘဲ နီညိုရောင်ညစ်ပေနေပြီး ရုပ်ဆင်းတင့်တယ်မှုကိုလျော့ပါးစေတယ်။ သွားများရဲ့အပေါ်ယံကြွေလွှာများ ပြုန်းတီးပျက်စီးပြီး၊ အတွင်းသားသွားများ လျှင်လျှင်မြန်မြန်ပေါ်လာတာ အဖြစ်များခြင်း၊ ခံတွင်းအကြို ကင်ဆာအနာများဖြစ်ခြင်းဖြစ်စေတယ်။ ကွမ်းစားတဲ့အလေ့အထဟာ ဆိုးကျိုးများအပြင် ပတ်ဝန်းကျင်ကို ညစ်နွမ်းစေတယ်။ အများနဲ့ဆိုင်တဲ့ လမ်းနေရာတွေမှာ ကွမ်းသွေးများ ညစ်ပေနေတယ်။ ကွမ်းဖြတ်သင့်တယ်။ မိမိခံတွင်းမှာကင်ဆာရှိမရှိသွားနှင့် ခံတွင်းဆရာဝန်ထံ ပြသဆွေးနွေးပါ။

မူးယစ်ဆေးအနွယ်ဝင်၊ အရက်ကအစ ကွမ်းစားခြင်းကိုလည်း ရှောင်ရှားသင့်ပါတယ်။

**ဒေါက်တာလွင်သန့်**

## ကြံစိုက်တောင်သူနှင့်လုပ်ငန်းရှင်များပူးပေါင်း Sugar Law ရေးဆွဲရန်စီစဉ်

မြန်မာနိုင်ငံရှိ ကြံစိုက်တောင်သူများနှင့် သကြားစက်များကြားတွင် လက်ရှိကျင့်သုံးနေသော ကြိုက်ရောင်း၊ ကြိုက်ဝယ်ဈေးကွက်မှာနှစ်ဦးနှစ်ဖက် အဆင်ပြေမှုမရှိခြင်းကြောင့် ညှိနှိုင်းဈေးကွက်ဖြစ်ပေါ်လာစေရန် ကြံစိုက်တောင်သူများ၊ မြန်မာနိုင်ငံကြံနှင့် သကြားလုပ်ငန်းရှင်များအသင်းပူးပေါင်း၍ Sugar Law ရေးဆွဲရန်စီစဉ်နေကြောင်းစိုက်ပျိုးရေးဦးစီးဌာန (သကြားဌာနခွဲ) မှ ဦးသီဟကပြောသည်။

‘လက်ရှိမှာ တောင်သူတွေက ကြိုက်တဲ့ဈေးနဲ့ရောင်းတယ်။ စက်ရုံတွေကလည်းကြိုက်တဲ့ဈေးနဲ့ဝယ်တယ်။ ဈေးနှုန်းကို ညှိနှိုင်းမှုမရှိဘူးဖြစ်နေတယ်။ တောင်သူတွေရောင်းတဲ့အချိန်မှာ စက်ရုံတွေက ဝယ်ဈေးမျှတဖို့လိုတယ်။ ဒါကြောင့် သကြားဥပဒေပေါ်ပေါက်ဖို့ ညှိနှိုင်းဖော်ဆောင်မှုတွေ ပြုလုပ်သွားပါမယ်’ ဟု ၎င်းကပြောသည်။

ထိုကဲ့သို့ဥပဒေကြမ်းများ ရေးဆွဲရန်နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ဈေးကွက်ဖော်ဆောင်ခြင်းကြောင့် ရေရှည်တွင် သကြားလုပ်ငန်းများပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၌ လက်ရှိတွင်ကြံစိုက်ပျိုးသောတိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုအထိရှိပြီး စိုက်ဧကစုစုပေါင်း လေးသိန်းကျော်ရှိသည်။

**ဟိန်းသူ**

## အင်းစိန်အကျဉ်းထောင်အတွင်း၌အိပ်ဆောင်သစ်တိုးချဲ့သွားမည်

**မြင့်မြတ်အောင်မြင်**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် အင်းစိန် (ဗဟို) အကျဉ်းဦးစီးဌာန အကျဉ်းထောင်အတွင်း၌ ယခင်နှစ်များကထက် အကျဉ်းသားများနှင့် အချုပ်သားပိုလျှံနေခြင်းကြောင့် အိပ်ဆောင်သစ်ထပ်မံ တိုးချဲ့သွားမည်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနထံမှ သိရသည်။

အသစ်ထပ်မံ၍ တိုးချဲ့သွားမည့် အိပ်ဆောင်များကို ယခု ၂၀၁၇ ခုနှစ်မှစတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အသစ်တိုးချဲ့မည့်အိပ်ဆောင်များတွင် အကျဉ်းသားဦးရေ ၁,၅၀၀ ကျော်ခန့် ခွဲဝေထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၆ ခုနှစ်ပိုင်းအတွင်းက အမှုရင်ဆိုင်လျက်ရှိသည့် အချုပ်သားများကို ပြစ်ဒဏ်များ ချမှတ်လိုက်ခြင်းကြောင့် အကျဉ်းသားဦးရေမှာ ၁၆,၀၀၀ ကျော်အထိမြင့်တက်လာကြောင်း အင်းစိန် (ဗဟို) အကျဉ်းဦးစီးဌာနမှသိရသည်။

၂၀၁၆ ခုနှစ် နှစ်စဇန်နဝါရီလမှ ဩဂုတ်လအထိ အင်းစိန် (ဗဟို) အကျဉ်းဦးစီးဌာန အကျဉ်းထောင်အတွင်း၌ အကျဉ်းသားဦးရေနှင့်အချုပ်သားဦးရေပေါင်း ၉,၉၃၄ ဦးခန့်ရှိခဲ့သော်လည်း လပိုင်းအတွင်း အကျဉ်းသားဦးရေနှင့် အချုပ်သားဦးရေမှာ ၇,၀၀၀ ကျော်ခန့်အထိ ပိုမိုတိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

## ရှေးဟောင်းမင်းလှခံတပ်ကြီးနှင့်မြေထိန်းနံရံတည်ဆောက်မှု မတ်လတွင် ပြီးစီးမည်

မြန်မာနိုင်ငံ၏ သမိုင်းဝင်ရှေးဟောင်းမင်းလှခံတပ်ကြီးနှင့်မင်းလှမြို့ မြောက်ရပ်ကွက်၌ မြေထိန်းနံရံတည်ဆောက်လျက်ရှိရာ မတ်လဒုတိယပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြု ရန်ပုံငွေမှ ငွေကျပ် ၂၉၆၂ သိန်းကျော်ကို ခွင့်ပြုရာ မြေထိန်းနံရံပေပေါင်း ၅၂၀ ကို ဒီဇင်ဘာလ ၂၅ ရက်နေ့က စတင်၍ တည်ဆောက်ခဲ့သည်။

မင်းလှမြို့သို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ လာရောက်ပြီး ဒေသခံမြို့မိ၊ မြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်တင်ပြခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များလာရောက်လေ့လာမှုများရှိနေပြီး အဓိကအားဖြင့် သက်တမ်း ၁၀၀ ကျော်ရှိ အဆောက်အအုံဟောင်းနှင့်ကုက္ကိုလ်ပင်ကြီးများကို လာရောက်လေ့လာကြသည်။

တောင်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဟောင်းကြီး၏ ကမ်းပါးနံရံများကိုလည်း အင်္ဂလိပ်ခေတ်ကအလျားပေ ၄၀၀၊ အနံပေ ၂၀၀ ရှိနံရံထိန်းကျောက်သားများ တစ်ချပ်ချင်းထောင်၍ စီတန်းကာထိန်းသိမ်းခဲ့သော်လည်း လက်ရှိတွင် ရေတိုက်စားမှုကြောင့် ပျက်စီးသဖြင့်ထိန်းသိမ်းရေးကိုဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။

**နေရဲ**

## ကန်တော်ကြီးပန်းပွဲတော်တွင် သားမယားအဖြစ်ပြုကျင့်ပြီး ပိုက်ဆံအိတ်ယူဆောင်ထွက်ပြေးသူများအား ရဲတပ်ဖွဲ့ကရှာဖွေဖမ်းဆီး

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားနေသူမ---၊ ၂၀ နှစ်၊ ကွန်ပျူတာစာရင်းကိုင်သည် ဒီဇင်ဘာလ ၂၈ ရက်နေ့၊ နံနက် ၉ နာရီက အလုပ်နားရက်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့တွင် အလုပ်လုပ်သည့် မိခင်ဒေါ်---ထံသွားရောက်ပြီး ပြင်ဦးလွင်ရှိ ဟိုတယ်မန်နေဂျာ အစ်မထံသွားရောက်၍ ကန်တော်ကြီးပန်းပွဲတော်သို့ သွားရောက်လည်ပတ်ချင်ကြောင်းပြောသဖြင့် ဟိုတယ်ဝန်ထမ်းတစ်ဦးအားလိုက်ပို့ခိုင်းရာ နံနက် ၁၁ နာရီတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိခဲ့သည်။ မ---သည် ကန်တော်ကြီးပန်းပွဲတော်အတွင်း တစ်ဦးတည်းလည်ပတ်၍ နေ့လယ် ၁၂ နာရီတွင် ကန်တော်ကြီးအတွင်းရှိ နွံ့တောရှိ ဘန်ဂလိုတွင်ထိုင်၍ သူငယ်ချင်းဖြစ်သူနှင့်ဖုန်းပြောနေစဉ် အမည်မသိအမျိုးသားသုံးဦးနှင့်အမျိုးသမီးတစ်ဦးတို့ ရောက်ရှိလာကာ အမျိုးသားတစ်ဦးက ၎င်းတို့တွင်ပါလာသောအချိုရည်တိုက်သဖြင့် မသောက်ချင်ကြောင်းပြောရာ ၎င်းအမျိုးသားက မ---၏ဖုန်းကိုယူပြီးလွှင့်ပစ်ခဲ့ကြောင်း၊ အချိုရည်ထပ်မံတိုက်သဖြင့် ကြောက်၍အနည်းငယ်သောက်ခဲ့ကြောင်း၊ နေ့လယ် ၁၂ နာရီ ၅၀ မိနစ်ခန့်တွင် ၎င်းအမျိုးသားက အဆိုပါနေရာနှင့်ကိုက် ၈၀ ခန့်အကွာ ခြုံအတွင်းခေါ်ဆောင်ကာ သားမယားအဖြစ်ပြုကျင့်ခဲ့သည်။ ၎င်းနောက် အဆိုပါ ၄ ဦးမှာ ထွက်ပြေးသွားခဲ့ပြီး ဘန်ဂလိုအတွင်း ကျန်ခဲ့သည့် မ---၏ ပိုက်ဆံအိတ်မှ ငွေ ၁၁,၃၅၀ ကျပ်မှာ ပျောက်ဆုံးခဲ့ကြောင်း ကန်တော်ကြီးလုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့ဝင်များထံ ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်အားပြောပြခဲ့သည်။ ပြင်ဦးလွင်မြို့မရဲစခန်းမှ ဒုရဲမှူးကျော်ဝင်းနှင့် အဖွဲ့သည် မြို့ဝင်မြို့ထွက်ဂိတ်များနှင့် ပြင်ဦးလွင်မြို့ပေါ်တွင် ပိတ်ဆို့ရှာဖွေခဲ့ရာ ည ၉ နာရီ ၁၅ မိနစ်တွင် မန္တလေး-လားရှိုးလမ်း စားသောက်ဆိုင်တွင် ပြစ်မှုကျူးလွန်သူ စည်သူခိုင် (၁၈ နှစ်)၊ ပန်းတိမ်လုပ်သား၊ သာလွန်ဖြူရွာ၊ စစ်ကိုင်းမြို့နယ်၊ ကောင်းမြတ်သူ (၁၈ နှစ်)၊ ဟိန်းလူလူ (ခ) နော်အောင် (၁၈နှစ်) လက်သမား၊ ညောင်ကုန်းကျေးရွာ၊ စစ်ကိုင်းမြို့နယ်နှင့် မထက်ထက် (၁၉ နှစ်) စတိုးဆိုင်အရောင်းစာရေး၊ ဇေယျာကွက်သစ်၊ စစ်ကိုင်းမြို့နေသူ ၄ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ပြင်ဦးလွင် မြို့မရဲစခန်း က (ပ) ၂၄၈/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၈၂/ ၁၄၄ အရအမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## အဝေးပြေးယာဉ်များတွင် အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်ထားခြင်းရှိ/မရှိ စစ်ဆေး



အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့စုများအလိုက် ယာဉ်မောင်းသူနှင့်ယာဉ်ပေါ်လိုက်ပါသူများတွင် အသက်ကယ် ထိုင်ခုံခါးပတ်တပ်ဆင်ခြင်းရှိ/မရှိစစ်ဆေး၍ လိုက်နာမှုမရှိပါက ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ယာဉ်မောင်းသူနှင့် ယာဉ်ပေါ်လိုက်ပါစီးနင်းနေသူများ အားလုံး မိမိအသက်အန္တရာယ်ဘေးကင်းလုံခြုံမှုရှိစေရန် အသက်ကယ်ထိုင်ခုံခါးပတ်များတပ်ဆင်ပြီးမှသာ ယာဉ်ကိုမောင်းနှင်လိုက်ပါစီးနင်းခြင်းပြုပေးကြပါရန် မေတ္တာရပ်ခံမှုများ ပြုလုပ်ခဲ့သည်။

**မြင့်မြတ်အောင်မြင်**

## ယာဉ်မဆင်မခြင်မောင်းနှင်သဖြင့် လမ်းဘေးရှိ ဓာတ်တိုင်နှင့်ရပ်ထားသောကားအား တိုက်မိ



ဇန်နဝါရီလ ၄ ရက်နေ့၊ ည ၇ နာရီ ၁၅ မိနစ်ချိန်ခန့်က ကြည့်မြင်တိုင်မြို့နယ်ဘက်မှ လမ်းမတော်မြို့နယ်ဘက်သို့ ယာဉ်မောင်း နေလင်းအောင်၊ ၂၉ နှစ်၊ ကမ်းနားကွန်ကရစ်လမ်း၊ ဗိုလ်တထောင်ကွန်တိန်နာဝင်း၊ ဗိုလ်တထောင်မြို့နယ်နေသူမောင်းနှင်လာသော 5A-1188 ၊ ဟီးနိုးထရပ်ကွန်တိန်နာအဝါရောင် (အငှားယာဉ်) သည် အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အလုံမူလတန်းကြိုကျောင်းရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းစပ်ရှိ ဓါတ်တိုင်အားဝင်ရောက်တိုက်မိပြီး ဓါတ်ကြိုးများပြတ်ကျကာ လမ်းဘေးတွင်ရပ်ထားသော 4I-1343 (HIJET) အဖြူရောင်ယာဉ်နှင့် 7A-4381 (KLUGER) ယာဉ်တို့အား ထပ်မံတိုက်မိသဖြင့် 5A-1188 ယာဉ်မောင်း နေလင်းအောင်တွင် ဦးခေါင်းထိပ်စုတ်ပြဲ၊ ဝဲလက်ဖျံ ဖူးရောင်ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသခံယူလျက်ရှိပြီး၊ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းနေလင်းအောင်အား အလုံမြို့မရဲစခန်းက (ပ) ၁/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**

# စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အသေးစားအလတ်စားလုပ်ငန်းရှင် SME များ

စိန်ထွန်း (ကမြိုင်)

ကွန်ပျူတာပညာရှင်တစ်ဦးဟာ နိုင်ငံတကာက လစာတွေလျှော့ချလိုက်တော့ အလုပ်ကထွက်၊ ရှိစုမဲ့စုပစ္စည်းလေးတွေကိုရောင်းချပြီးတော့ စီးပွားရေးလုပ်ငန်းတစ်ခုကို စွန့်စွန့်စားစားထူထောင်လိုက်ပါတယ်။ လုပ်ငန်းကတော့ ခရမ်းချဉ်သီးအနှစ်ဗူးတွေထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းငယ်လေးပါ။ လုပ်ငန်းအောင်မြင်ရုံမက အဲဒီခရမ်းချဉ်စားကုန်ကိုပဲ နောက်ထပ်အမျိုးမျိုးတီထွင်ဖန်တီးကာ လုပ်ငန်းတိုးချဲ့နိုင်ခဲ့ပါတယ်။ အဲဒါကတော့ ရုရှားနိုင်ငံမှာဖြစ်ခဲ့တာပါ။

နောက်တစ်ဦးကတော့ နိုင်ငံခြားသားတစ်ယောက်နဲ့ အကျိုးတူပူးပေါင်းပြီးကုမ္ပဏီထောင်ခဲ့ရာက နိုင်ငံခြားသားလိမ်သွားလို့ ကုမ္ပဏီပြုတ်သွားသူတစ်ဦးပါ။ သူကလည်း အရှုံးထဲကရုန်းထပြီး ရှိစုမဲ့စုငွေကြေးဥစ္စာတွေကိုခြစ်ခြုတ်ပြီး လုပ်ငန်းသစ်တစ်ခုကိုထူထောင်ခဲ့ပါတယ်။ ထူထောင်လိုက်တဲ့လုပ်ငန်းကတော့ ခံ့ခံ့ညားညား၊ ထည်ထည်ဝါဝါ မြန်မာထမင်းဆိုင်ကြီးပါ။ အစားအသောက်တွေကို အထူးတလည်စီမံချက်ပြုတ်၊ အလုပ်သမားတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ဖွင့်လှစ်ရောင်းချရင်း ထမင်းချိုင့်မှာစားသူတွေထံ ကားနဲ့လိုက်ပို့တဲ့လုပ်ငန်းလုပ်ပါတယ်။ အောင်မြင်တိုးတက်လာပြီး ဆိုင်ခွဲတွေအများကြီး ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒါက မြန်မာနိုင်ငံမှာပါ။

နောက်တစ်ဦးတင်ပြချင်တာကတော့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ 'စိုးလှဲ့ပစ်စစ်နှင့်စက်ကိရိယာကုမ္ပဏီ' ပိုင်ရှင်ဦးစိုးတင့်ဖြစ်ပါတယ်။ သူဟာ ငယ်စဉ်ကတည်းက မိဘနှစ်ပါးလုံး ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားတော့ မိခင်လိုစိတ်ထားကောင်းသူအိမ်နီးချင်းတစ်ဦးရဲ့ ကျွေးမွေးစောင့်ရှောက်မှုနဲ့ ပညာသင်ခဲ့ရသူပါ။ သူက ပျဉ်းမနားမြို့ အထက (၂) ကနေပြီး ရှစ်တန်းကိုသိပ္ပံဘာသာတွဲနဲ့အောင်ပြီးတော့ ရန်ကုန်မြို့ နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်းမှာ EP (Electrical Power) နဲ့ တက်ရောက်ခဲ့ပါတယ်။

အဲဒီနောက် သူဟာ ဦးဦးဖျားဖျား၊ စွန့်စွန့်စားစားလုပ်ငန်းစပုံကလေးကတော့ အတုယူစရာပါ။ ပထမဆုံး သူစလုပ်တဲ့လုပ်ငန်းကတော့ မော်တာပြင်တဲ့အလုပ်ပါ။ နေရာကတော့ ရန်ကုန်မြို့ ဗားဒံပင်လမ်းဈေးရှေ့၊ လမ်းဘေးကွမ်းယာဆိုင်ကလေးဘေးမှာ ဖြစ်ပါသတဲ့။ အဲဒီနေရာကလေးမှာ သူ့ဆိုင်ကလေးက ညအခါ သူ့အိပ်ယာ၊ နေ့အခါမှာတော့ မော်တာပြင်တဲ့ကိုယ်ပိုင်ဝပ်ရှော့ကလေးပေါ့။




နောက်တော့သူဟာ လုပ်ငန်းတိုးချဲ့နိုင်ခဲ့ပါတယ်။ ဒိုင်နမိုတွေထုတ်လုပ်တဲ့လုပ်ငန်းပါ။ အလုပ်သမားတွေငှားရမ်းပြီး ဦးစီးလုပ်နိုင်တဲ့အဆင့်ထိ တက်လှမ်းနိုင်ခဲ့ပါတယ်တဲ့။

အဲဒီကနေ နောက်တစ်ဆင့်တက်လှမ်းလိုက်တဲ့အခါမှာတော့ သူ့အဆင့်ကတော်တော်မြင့်သွားပါပြီ။ ဒီတစ်ခါမှာတော့ သူဟာထရန်စဖော်မာတွေဘက်ကို စိတ်ဝင်စားလာပါတယ်။ ထရန်စဖော်မာနဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေနဲ့နည်းပညာတွေရအောင် အင်္ဂလန်နိုင်ငံထုတ် Standard Book စာအုပ်တွေရှာဖွေပြီး လေ့လာခဲ့တယ်လို့ဆိုပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းကျတော့ ထရန်စဖော်မာပြုလုပ်တဲ့ကုန်ကြမ်း ၉၀ ရာခိုင်နှုန်းလောက်ကို ပြည်ပမှမှာယူပြီး စိုးလှဲ့ပစ်စစ်ကုမ္ပဏီအမည်နဲ့ ပြည်တွင်းမှာထရန်စဖော်မာအကြီးအသေးမျိုးစုံကို ဖြန့်ဖြူးနိုင်တဲ့အဆင့်ထိ အောင်မြင်စွာရောက်ရှိနေပါပြီ။ သူဟာလည်း စံနမူနာထားပြီးအတုယူလောက်တဲ့ Entrepreneur စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ပဲဖြစ်ပါတယ်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဟာ သမားရိုးကျလုပ်နည်းကိုင်နည်းတွေနဲ့ စီမံဆောင်ရွက်ကြတဲ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ မတူပါဘူး။ သူတို့ဟာ အသစ်အဆန်းထွင်ပါတယ်။ လမ်းသစ်ဖောက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိပါတယ်။ မဆုတ်မနစ်တဲ့ ဇွဲလုံ့လရှိပါတယ်။

ဒါတင်မကသေးပါဘူး။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များဟာ နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးတိုးတက်လာဖို့ကြိုးပမ်းရာမှာ သူတို့ရဲ့စွမ်းဆောင်မှုဟာ ကြီးမားတဲ့အင်အားတစ်ရပ်ဖြစ်ပါတယ်။ သူတို့ကြောင့် ပြည်တွင်းမှာထုတ်ကုန်ပစ္စည်းတိုးပွားစေပါတယ်။ ကုန်ပစ္စည်းပေါများလာတာနဲ့အမျှ ကုန်စျေးနှုန်းများကိုလည်း ကျဆင်းစေနိုင်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း လျော့နည်းကျဆင်းစေနိုင်ပါတယ်။ သူတို့ကြောင့် ပြည်တွင်းမှာအသေးစားနဲ့အလတ်စားလုပ်ငန်း SME တွေအမြောက်အမြား ပေါ်ထွန်းလာစေနိုင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာနိုင်ပါတယ်။

သာဓကတစ်ရပ် ထုတ်နှုတ်တင်ပြလိုပါတယ်။

အိန္ဒိယနိုင်ငံကိုကြည့်ရအောင်ပါ။ အိန္ဒိယနိုင်ငံဟာ ၁၉၉၅ ခုနှစ်၊ ဝန်ကြီးချုပ် ဗာဂျ်ပါရီးလက်ထက် ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး တိုးတက်သွားတဲ့နိုင်ငံ၊ အာရှမှာမဟာအင်အားကြီးနိုင်ငံတစ်ခုအဖြစ် အဆင့်တက်လှမ်းသွားတဲ့နိုင်ငံပါ။ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေထဲမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင် Entrepreneur တွေတိုးပွားလာအောင်လမ်းဖွင့်ပေးခဲ့တဲ့ စီမံဆောင်ရွက်မှုကိုအထင်အရှားတွေ့ရပါတယ်။

'လူငယ်တွေဟာ ဘွဲ့ရပြီးတာနဲ့အစိုးရအလုပ်မလျှောက်ကြတော့ဘူး။ လုပ်ငန်းအဖွဲ့အစည်းတွေမှာဝင်လုပ်ကြတယ်။ တော်တော်များများကတော့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဖြစ်လာကြတယ်။' ဒါကတော့ အိန္ဒိယဝန်ကြီးတစ်ဦးဖြစ်တဲ့ အားတားဂျိတ္တလေးပြောကြားခဲ့တဲ့စကားပါ။

အိန္ဒိယနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့နေရာမှာ အဆင့်မြင့်နည်းပညာများကနေ အနုပညာဖန်တီးမှုများအထိ ပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့တယ်လို့ဆိုပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေပါသလို စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေရဲ့ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းတွေ တိုးပွားလာအောင်ကူညီထောက်ပံ့မှုတွေပေးတာတွေလည်း ပါဝင်ပါတယ်။

အဲဒီလိုအပြောင်းအလဲလုပ်ဆောင်မှုတွေကြောင့် အိန္ဒိယနိုင်ငံစီးပွားရေးတိုးတက်သွားပုံတစ်စိတ်တစ်ပိုင်းကို အနည်းငယ်စောင်းငဲ့ပြီးကြည့်မယ်ဆိုရင် ဒီလိုတွေ့ရမှာပါ။

**၅ နှစ်အတွင်းအပြောင်းအလဲဖြစ်စဉ်**

| | ၁၉၉၅ ခုနှစ် | ၂၀၀၀ ပြည့်နှစ် |
|---|---|---|
| တစ်ဦးချင်းထုတ်ကုန်တန်ဖိုး GDP | ဒေါ်လာ ၁၄၁၅ | ဒေါ်လာ ၁၇၆၀ |
| ပြည်ပပို့ကုန်တန်ဖိုး | ဒေါ်လာ ၃၁. ၂ ဘီလီယံ | ဒေါ်လာ ၃၇. ၆ ဘီလီယံ |
| ငွေကြေးဖောင်းပွမှု | ၁၀. ၂ % | ၅. ၅ % |

ယခုအခါ မြန်မာနိုင်ငံမှာလည်း ပြုပြင်ပြောင်းလဲမှုတွေဆောင်ရွက်နေရာမှာ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်း SME များတိုးပွားများပြားလာဖို့ရည်ရွယ်ချက်နဲ့ နိုင်ငံတော်က အဲဒီလုပ်ငန်းရှင်များကို အတိုးနှုန်းသက်သာစွာနဲ့ချေးငွေများ ထုတ်ချေးနေတာတွေ့ရပါတယ်။ ယခုဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ မှာ SME လုပ်ငန်းရှင် ၁၀၂ ဦးကို ကျပ်ငွေ ၂၁ ဘီလီယံခန့်ထုတ်ချေးခဲ့ပြီးဖြစ်တယ်ဆိုတာ သိရပါတယ်။ တစ်ဦးချင်းကို ကျပ်သိန်း ၂၀၀ ထိချေးပါတယ်။

စာရှုသူများခင်ဗျား၊ အထက်ကတင်ပြခဲ့တာတွေကတော့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တို့ရဲ့အရေးပါမှု၊ SME တွေရဲ့အားဖြည့်မှုတွေဟာ ဘယ်လောက်အရေးပါသလဲဆိုတာ တင်ပြလိုရင်းပဲဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်ကအလေးထားပြီး ငွေကြေးအကူအညီ၊ နည်းပညာအကူအညီတွေနဲ့ တွန်းအားပေးအလေးထားပြီးဆောင်ရွက်နေတဲ့အပြင် ကမ္ဘာ့ဘဏ်ကချေးငွေတွေကို ထုတ်ချေးပေးနေပါတယ်။ ဒါ့အပြင် တခြားမိတ်ဆွေနိုင်ငံတွေကလည်း SME တွေအတွက်ဆိုပြီး တကူးတကထောက်ပံ့ကူညီတာလည်းတွေ့ရပါတယ်။ ဒီအခွင့်အလမ်းကောင်းတွေဟာ နိုင်ငံ့စီးပွားရေးအလျင်အမြန်တိုးတက်လာဖို့ အလားအလာကောင်းတွေပါပဲ။

ဒါပေမဲ့ အရာရာတိုင်းမှာ လူ့စွမ်းအားအရင်းအမြစ်ဟာပဓာနကျတာကြောင့် ပြည်သူတွေကြားမှာ စွန့်ဦးတီထွင်မှုစိတ်ဓာတ်တွေ၊ SME လုပ်ငန်းရှင်စိတ်ဓာတ်တွေ ယခုထက်ပိုမိုကျယ်ပြန့်စွာရှင်သန်နိုးကြားလာဖို့လည်း လိုအပ်နေတယ်လို့ထင်မြင်ယူဆပါကြောင်း . . . ။

## သူတော်စင်ယောဂီဦးရေ ၁,၀၀၀ တရားအားထုတ်ဘာဝနာပွားများကျင့်ကြံနိုင်သည့် မဟာနာယကကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာကျင်းပ

ဗုဒ္ဓဘာသာဝင်များ၏ ဥပုသ်သီလဆောက်တည်တရားအားထုတ်နိုင်စေရန် မူလတရားစခန်းဝင်ယောဂီ ၂၀၀၊ ၃၀၀ အနေအထားမှ အခါကြီးနေ့ကြီးများအပါအဝင် မည်သည့်အချိန်မဆို ယောဂီဦးရေ ၁,၀၀၀ အထိ အေးချမ်းစွာဖြင့် တရားအားထုတ်စေနိုင်မည့် ပေ ၁၂၀ × ၇၀ ပေ ၃ ထပ်၊ တန်ဖိုးကျပ် သိန်း ၆,၀၀၀ ကျော်အကုန်အကျခံ၍ စေတနာရှင်များ၏ သဒ္ဓါတရားထက်သန်မှုဖြင့် တည်ဆောက်ပြီးစီးသွားသည့် မဟာနာယကကျောင်းတော်ကြီး၏ ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်အတွင်းရှိ မိုးကုတ်ဝိပဿနာဇနိကာရာမကျောင်းတိုက်ကြီးအတွင်း၌ ဇန်နဝါရီလ ၁ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပခဲ့သည်။



အခမ်းအနားကို နမောတဿ ၃ ကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသည့်ကျောင်းအလှူရှင်များ၊ ဒကာ၊ ဒကာမများက နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဉတ္တမညာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဓ္မဇောတိကဓဇ) ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်အရှင်သူမြတ်များမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဆိုချီးမြှင့်ပြီး မိုးကုတ်ဝိပဿနာအဖွဲ့ဝင်လူကြီးများမှ ပင့်သံဃာနိုင်ငံတော်သံဃနာယကဆရာတော်ကြီး ၉ ပါးအပါအဝင် ဗဟန်းမြို့နယ်အတွင်း ကျောင်းများမှ သံဃာတော်အပါး ၆၀ ကျော်အား တစ်ပါးလျှင် ကျပ်တစ်သိန်းနှင့် လှူဖွယ်နဝကမ္မ ပစ္စည်းလေးပါးဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဦးလှိုင်**

## စက်ရုံနှစ်ပတ်လည်နေ့နှင့် နှစ်ဦးဆွမ်းလောင်းလှူပွဲကျင်းပ

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ) ၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၊ ညနေ ၃ နာရီက စက်ရုံဓမ္မာရုံ၌ ပင့်သံဃာ ၅ ပါးအား အရုဏ်ဆွမ်းကပ်လှူခြင်းနှင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၊ နံနက် ၅ နာရီတွင် ဘုရားအမှူးရှိသောပင့်သံဃာ ၇၉ ပါးတို့အား နှစ်ဦးအရုဏ်ဆွမ်းလောင်းလှူခြင်းများကို စက်ရုံမှူးနှင့်ဝန်ထမ်းများက သဒ္ဓါကြည်ဖြူလောင်းလှူခဲ့ကြကြောင်း သိရသည်။

**တင်ကြည်ဦး**



## ကလေးတီဘီရောဂါကျဆင်းစေရန် Gene Xpert စက်ဖြင့်စစ်ဆေးမည်

ကလေးငယ်များ တီဘီရောဂါဖြစ်ပွားမှုနှုန်းကျဆင်းစေရန် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ဆေးယဉ်ပါး တီဘီရောဂါရှိ၊ မရှိစမ်းသပ်ပေးသည့် Gene Xpert စက်များဖြင့် စစ်ဆေးကုသပေးမည်ဖြစ်ကြောင်းသိရသည်။

Gene Xpert စက်များဖြင့် တီဘီပိုးရှိ၊ မရှိစစ်ဆေးရန်သလိပ်လိုအပ်သော်လည်း သလိပ်မထွက်သည့် ကလေးများအတွက် အစာအိမ်ဆေးရည်ထည့်သွင်းပြီးပြန်လည်ရရှိလာသည့်အရည်ကိုယူ၍ စစ်ဆေးပေးမည်ဖြစ်ကြောင်း တီဘီရောဂါကုဆရာဝန်ကြီးဒေါက်တာဒေါ်မိမိခိုင်က ပြောသည်။

'ကလေးဆိုရင်ဓာတ်မှတ်ရိုက်ရုံနဲ့ တန်းမကုဘဲစမ်းသပ်မှုတွေအရင်လုပ်တာကောင်းတယ်။ အရေးကြီးဆုံးကတော့ Gene Xpert စစ်ပေးပါ။ Gene Xpert စစ်တာကရိုးရိုးသလိပ်စစ်တာထက် အဆပေါင်းများစွာပိုတိကျတယ်။ ရိုးရိုးသလိပ်ပဲစစ်မယ်ဆိုရင် Icc မှာ ပိုး ၅,၀၀၀ လောက်ပါမှ ပိုးတွေ့တယ်လို့ပြောနိုင်တယ်။ ဒီ Gene Xpert ကျတော့ Icc မှာ ပိုး ၁၀၀ ပါတာနဲ့ပိုးတွေ့တယ်လို့ပြောနိုင်တယ်' ဟု ၎င်းကပြောသည်။

ဓာတ်မှန်ရိုက်ပြီး ဆေးကုသခြင်းသည် တီဘီရောဂါဖြစ်ပွားမှုကိုမသေချာဘဲ ကုသနေခြင်းဖြစ်သည့်အတွက် တီဘီရောဂါရှိ၊ မရှိသေချာစစ်ဆေးပြီးမှသာ ဆေးကုသမှု ဆောင်ရွက်သင့်ကြောင်းသိရသည်။

**အောင်သာဝေ**

## ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များ ပထမအကြိမ်စုပေါင်းလှူဒါန်း



မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များစုပေါင်း၍ ပထမအကြိမ် စုပေါင်းအလှူပွဲတော်ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၊ နံနက် ၉ နာရီက ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း (အထက်) ရှိ ဓမ္မရုံသီဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲ ဖြစ်မြောက်ရေးအတွက် ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များမှ သဒ္ဓါထက်သန်စွာ ငွေပဒေသာပင်စိုက်ထူစုဆောင်းထားခြင်းဖြစ်ပြီး၊ လိုအပ်ချက်ရှိသော အနုပညာလောကသားများအတွက် တစ်နှစ်လျှင် (၃) ကြိမ်လှူဒါန်းထောက်ပံ့နိုင်ရန်နှင့် စက်မှုအလှာမှလုပ်သားများအား ပြည်ပမှပညာရှင်များဖိတ်ခေါ်၍ ရိုက်ကူးရေးဆိုင်ရာ စက်မှုအတတ်ပညာများ သင်ကြားနိုင်စေရန် ရည်ရွယ်ချက်များထားရှိဆောင်ရွက်ခြင်းဖြစ်ကြောင်း လှူဒါန်းမှုတွင်ပါဝင်သူ ဦးဝင်းနိုင် (မျက်ခြယ် ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေး) မှ ပြောကြားသည်။

ယင်းလှူဒါန်းပွဲတွင် သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံ၊ စက်မှုစသည့်အလှာအသီးသီးမှ လောကသားများအား ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်စသည့် အခြေခံစားသောက်ကုန် ၈ မျိုးအား လှူဒါန်းပေးခြင်းဖြစ်ပြီး ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် လောကသားများသာမက ပြည်သူထံလှူဒါန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

**မင်းထွဏ်း**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဇော်ထွဋ်တစ်ကိုယ်တော်သီဆိုသည့် ‘ကျောက်သားခြေရာ’ မိတ်ဆက်

၂၀၁၄ ခုနှစ်တွင် ‘အနက်ရောင်ဒိုင်ယာရီ’ တေးစီးရီးဖြင့် ဂီတလောက လျှောက်လှမ်းခဲ့သူ အဆိုရှင်ဇော်ထွဋ်၏ ဒုတိယမြောက်တေးစီးရီးဖြစ်သည့် ‘ကျောက်သားခြေရာ’ တေးစီးရီးမိတ်ဆက်ပွဲကို ဇန်နဝါရီလ ၃ ရက်နေ့က ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel တွင်ကျင်းပခဲ့သည်။

Rock သီချင်းများနှစ်သက်သူများအတွက် စီစဉ်ရေးသားထားခြင်းဖြစ်ပြီး တိုက်ပွဲ၊ ဒီနေ့၊ လူစိမ်း၊ နေပါဦး၊ ရေလိုက်ငါးလိုက်၊ ပြန်ရဦးမလား၊ Rock 'N' Roll၊ မျှော်လင့်ခြင်းအကြောင်း၊ မင်းရှိရာဆီ၊ အမှောင်လမ်း၊ မင်းမေ့မှာစသည့် တေးသီချင်း ၁၁ ပုဒ်ပါဝင်ပြီး ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ The Sun Music မှစတင်ဖြန့်ချိခဲ့ကြောင်းသိရသည်။



‘ကျွန်တော်မျှော်လင့်ထားတဲ့၊ ဖန်တီးထားတဲ့လမ်းကို လျှောက်လှမ်းဦးမှာပါ။ မအောင်မြင်သည်ဖြစ်စေ၊ အောင်မြင်သည်ဖြစ်စေ ဝါသနာလည်းပါ၊ မြတ်နိုးတဲ့ Rock သံစဉ်တွေကိုဖန်တီးနေရင်း ဂီတလမ်းကိုဆက်လက်လျှောက်နေမှာပါ။ ကျွန်တော်အခွေဖြန့်မယ့် ဇန်နဝါရီလ ၇ ရက်နေ့၊ ပြည်သူ့ရင်ပြင်၌ ပရိုမိုးရှင်းပွဲအဖြစ် ဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်’ ဟု အဆိုရှင်ဇော်ထွဋ်က အဆိုပါမိတ်ဆက်ပွဲတွင် ပြောကြားသည်။

**အိသူ**

## အငြိမ်းစားဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာတည်ဆောက်မည်

နေအိမ်ပိုင်ဆိုင်ခြင်းမရှိသည့် အငြိမ်းစားဝန်ထမ်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နေပြည်တော်၌ တန်ဖိုးနည်းအိမ်ရာများ စတင်တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းကို နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့ပတ်လမ်းနှင့် ရာဇဌာနီလမ်းကြားရှိ ရန်အောင်မြင်ကြီးဝိုင်း၌ ဆောက်လုပ်မည်ဖြစ်သည်။ နေအိမ်အပိုင်မရှိသေးသည့် အငြိမ်းစားဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာအခန်းပေါင်း ၂,၀၀၀ အထိ တည်ဆောက်ပေးမည်ဖြစ်ပြီး တိုက်ခန်းတစ်ခန်းလျှင် ငွေကျပ်သိန်း ၁၀၀ မှသိန်း ၃၀၀ အထိ တန်ဖိုးရှိမည်ဖြစ်သည်။ အငြိမ်းစားဝန်ထမ်းများ တန်ဖိုးနည်းအိမ်ရာ ဝယ်ယူမည်ဆိုပါက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်၌ တိုက်ခန်း၏ တန်ဖိုး ၃၀ ရာခိုင်နှုန်းကို ငွေစုစာအုပ်ပြုလုပ်၍ စတင်စုဆောင်းရမည်ဖြစ်သည်။ ထိုသို့စုဆောင်းထားပြီး ကျန်ရှိသည့် ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က စိုက်ထုတ်ဝယ်ယူပေးမည်ဖြစ်ကြောင်းသိရသည်။ အတိုးနှုန်းအနေဖြင့် ၉ ရာခိုင်နှုန်းနှင့်ကျန်သည့် ၇၀ ရာခိုင်နှုန်းကို ၁၅ နှစ်အတွင်း တစ်လလျှင် ငွေကျပ် တစ်သိန်းမှငါးသိန်းကြား ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**စံမျိုးထက်**

## အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခွင့်ပေးရာ၌ မြို့ပြအင်္ဂါရပ်ထိန်းသိမ်းမှုစံနှုန်း နည်းပါး

**ရန်ဖြိုးသိမ်း**

ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများကို ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်ပေးရာ၌ ကျင့်သုံးသည့် စံနှုန်းများမှာ မြို့ပြအင်္ဂါရပ်ကိုထိန်းသိမ်းမှုနည်းပါးနေသေးကြောင်း အထပ်မြင့်အဆောက်အအုံ စိစစ်ရေးကော်မတီမှသိရသည်။

ရန်ကုန်မြို့ရှိ အဆောက်အအုံများကို ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်ပေးရာတွင် အဓိကအခွင့်အာဏာရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာ (အဆောက်အအုံ) က ကိုင်တွယ်ကျင့်သုံးသောနည်းဥပဒေမှာ အားနည်းချက်များရှိသဖြင့် အဆောက်အအုံများကို ဆောက်လုပ်ခွင့်ပေးသည့်ခွင့်ပြုမိန့်ပါမစ်အား လုပ်ထုံးလုပ်နည်းအသစ်များဖြင့် ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ နည်းဥပဒေဟောင်း၌ နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသည်များနှင့်မကိုက်ညီခြင်း၊ ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းမှုပိုင်းတွင် အားနည်းချက်များရှိသည့်အတွက် နည်းဥပဒသစ်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့အထပ်မြင့်အဆောက်အအုံစိစစ်ရေးကော်မတီက ပြင်ဆင်ရေးဆွဲထားသည့် နည်းဥပဒေသစ်၌ လက်ရှိရန်ကုန်မြို့ပြအနေအထားကိုအခြေခံကာ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် စံချိန်စံညွှန်းများကိုလေ့လာ၍ ရေးဆွဲထားခြင်းဖြစ်ပြီး သက်ဆိုင်ရာအသင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီးပါက တိုင်းဒေသကြီးအစိုးရသို့ တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။


## အထက်မြန်မာပြည် တက္ကသိုလ်ဒီဂရီကောလိပ်နှင့်ပညာရေးကောလိပ်များ ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင် ဆုများချီးမြှင့်



၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အထက်မြန်မာပြည်တက္ကသိုလ်ဒီဂရီကောလိပ်နှင့်ပညာရေးကောလိပ်များ၏ ကာယဗလမောင်၊ ကာယဗလမယ် ပဏာမရွေးချယ်ပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များက မန္တလေးမြို့တော်ခန်းမတွင်ကျင်းပရာ ကာယဗလမောင် အကြီးတန်းတွင် ၁၂ ဦး၊ အငယ်တန်းတွင် ၉ ဦး၊ ကာယအလှမယ်အကြီးတန်းတွင် ၁၂ ဦး၊ အငယ်တန်းတွင် ၁၈ ဦးတို့က သတ်မှတ်ကိုယ်ဟန်များအတိုင်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒိုင်ချုပ်မန္တလေးတက္ကသိုလ် ဓာတုဗေဒဌာနပါမောက္ခ/ဌာနမှူး ဒေါက်တာရီရီမြင့်နှင့် ဒိုင်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ကာယဗလမောင် (အငယ်တန်း) ပြိုင်ပွဲတွင် ပထမအောင်ကျော်ဟိန်း (ဗန်းမော်တက္ကသိုလ်)၊ ဒုတိယအောင်မင်းသိန်း (ရတနာပုံတက္ကသိုလ်)၊ တတိယဇော်နိုင်ဦး (မိုးညှင်းဒီဂရီကောလိပ်)၊ ကာယဗလမောင် (အကြီးတန်း)တွင် ပထမထူးနန်း (မြစ်ကြီးနားတက္ကသိုလ်)၊ ဒုတိယဝေအောင်ဖြိုး (ကလေးတက္ကသိုလ်)၊ ဇော်မျိုးသက် (မုံရွာတက္ကသိုလ်)၊ ကာယအလှမယ် (အငယ်တန်း) တွင် ပထမ မီမီမိုးသဲထွန်း (ရတနာပုံတက္ကသိုလ်)၊ ဒုတိယဝေသကြိန်ဦး (မန္တလေးတက္ကသိုလ်)၊ တတိယနန်းလောင်ခမ်းလင်း (မန္တလာဒီဂရီကောလိပ်)၊ ကာယအလှမယ် (အကြီးတန်း) တွင် ပထမခင်မိုးသူ (ရတနာပုံတက္ကသိုလ်)၊ ဒုတိယအယ်ဂျာမွန်းဆက် (မန္တလေးတက္ကသိုလ်)၊ တတိယထက်ပိုင်ဝေ (မန္တလာဒီဂရီကောလိပ်) တို့ကရရှိသွားပြီး မန္တလေးတိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးဦးစိုင်းကျော်ဇောနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**



# မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲ တပျော်တပါးဆင်နွှဲ

**သီဟကိုကို(မန္တလေး)**



မြို့တော်နေပြည်သူများ ကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၆ နာရီက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအလွတ်တန်းနှင့် လူသစ်တန်းပြိုင်ပွဲများပါဝင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်လက်ရွေးစင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) သင်တန်းသား၊ သင်တန်းသူများ၊ ဘောလုံးအကယ်ဒမီမျိုးဆက်သစ်သင်တန်းသားများ၊ မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ပုဂ္ဂလိကကျောင်းများမှကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ၊ သက်ကြီးအားကစားသမားများ တပျော်တပါးပါဝင်ဆင်နွှဲကြသည်။

ပြိုင်ပွဲဝင်အားကစားသမားများ အားအလွတ်တန်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် အဆင့် ၁ မှ ၁၀ အထိငွေကျပ် ၁၀ သိန်း၊ ၉ သိန်း၊ ၈ သိန်း၊ ၇ သိန်း၊ ၆ သိန်း၊ ၅ သိန်း၊ ၄ သိန်း၊ ၃ သိန်း၊ ၂ သိန်း၊ ၁ သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ၇ သောင်းနှုန်းဖြင့် ၅ ဆုချီးမြှင့်သည်။ လူသစ်တန်းအမျိုးသမီးပြိုင်ပွဲတွင် အဆင့် ၁ မှ ၁၀ အထိ ငွေကျပ် ၁၅ သိန်း၊ ၁၄ သိန်း၊ ၁၃ သိန်း၊ ၁၂ သိန်း၊ ၁၁ သိန်း၊ ၁၀ သိန်း၊ ၉ သိန်း၊ ၈ သိန်း၊ ၇ သိန်း၊ ၆ သိန်းနှင့် နှစ်သိမ့်ဆု ၁ မှ ၅ အထိ တစ်ဦးလျှင် ငွေကျပ် ၁ သိန်း နှုန်း၊ နှစ်သိမ့်ဆု ၆ မှ ၁၀ အထိတစ်ဦးလျှင် ငွေကျပ်ခုနှစ်သောင်းနှုန်း၊ နှစ်သိမ့်ဆု ၁၁ မှ ၁၅ အထိ ငွေကျပ်ခြောက်သောင်းနှုန်း၊ နှစ်သိမ့်ဆု ၁၆ မှ ၂၀ အထိ တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ အသက် ၆၀ ပြည့်သူများအဆင့် ၁ မှ ၅ အထိ ပန်းဝင်သူ တစ်ဦးငွေကျပ် ၂ သိန်းနှုန်း၊ သတ်မှတ်ချိန်အတွင်း ပန်းဝင်သူ သက်ကြီးအားကစားသမားများအား ငွေကျပ် ၅သောင်းနှုန်းအား မြို့တော်ဝန်နှင့်တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်းသိရသည်။

# ဖရဲသခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုဖွဲ့ ဖွဲ့စည်းမည်

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် USAID နှင့် အမေရိကန်နိုင်ငံ Winload International အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ဖရဲ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဖရဲ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုဖွဲ့မှသိရသည်။

ဖရဲ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုဖွဲ့ဖွဲ့စည်းပြီးပါက တောင်သူများကိုနည်းပညာများကူညီပံ့ပိုးပေးခြင်းနှင့် စိုက်ပျိုးရေးသင်တန်းများပေးမည်ဖြစ်ရာ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်စီမံကိန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ဖရဲ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုဖွဲ့ကို မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၁၅ မြို့နှင့်စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၁၅ မြို့တို့တွင် ဖွဲ့စည်းမည်ဖြစ်ပြီး တောင်သူပေါင်း ၆၀၀၀ ကျော်ကို အရည်အသွေးမြင့်စိုက်ပျိုးရေးသင်တန်းများနှင့်ရောဂါပိုးမွှားကာကွယ်ရေးသင်တန်းများပို့ချမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ရွှေသခွားမွှေး၊ ပိုက်ကွက်သခွားမွှေး၊ ဝူခုံးသခွားမွှေးနှင့်ဖရဲသခွားမွှေးတို့ကို အဓိကစိုက်ပျိုးပြီးစိုက်ဧက ၁၀၀၀၀ ကျော်ရှိကာ ချောင်းဦး၊ ဘုတလင်၊ တပ်ကုန်း၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သားမြို့နယ်တို့တွင် စိုက်ပျိုးလျက်ရှိသည်။

**လေးမောင်မောင်**

# ရွှေပြည်သာစက်မှုဇုန် (၁) တွင် အထူးကုဆေးခန်းဖွင့်လှစ်

၂၀၁၇ ခုနှစ်၊ နှစ်သစ်ကိုကြိုဆိုသောအားဖြင့် ဇန်နဝါရီလ ၁ ရက်နေ့က ဒဂုံမြို့သစ်မြောက်ပိုင်း (၂၅) ရပ်ကွက်တွင် ခိုင်သဇင်အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထူးကုဆေးခန်းကို ရွှေပြည်သာစက်မှုဇုန် (၁) ဥက္ကဋ္ဌဦးမျိုးသိန်းက ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါအထူးကုဆေးခန်းကို ကျွမ်းကျင်သော ဆရာဝန်ကြီးများ၊ ခေတ်မီရောဂါရှာဖွေစစ်ဆေးပေးသော စက်ကိရိယာများဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများလွယ်ကူလျင်မြန်ပြီး ဈေးနှုန်းသက်သာစွာဖြင့်ကုသနိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းသိရသည်။

**သက်ထားဆု (Zoo)**

# မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာတိုက်ခန်းများ ပွင့်လင်းမြင်သာစွာကိုယ်တိုင်မဲနှိုက်ရောင်းချ

**သီဟကိုကို (မန္တလေး)**



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက် မြေကွက်အမှတ် မမ-၁၆ ပေါ်တွင် ဆောက်လုပ်သော မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ စီမံကိန်းအပိုင်း ၂ ရှိ ၈ ခန်းတွဲ ၅ ထပ်တိုက် အမှတ် ၅၊ ၆ နှင့်တိုက်အမှတ် ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ နှင့်တိုက်အမှတ် ၂၀၊ စုစုပေါင်း တိုက် ၁၄ လုံး၊ အခန်းပေါင်း ၅၆၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေးနေ့) နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၆၆ လမ်း၊ ၁၆ လမ်းနှင့် ၁၉ လမ်းကြားရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး) ၌ မဲနှိုက်ရောင်းချပေးသည်။

မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ အပိုင်း (၂) ရှိ ၈ ခန်းတွဲ ၅ထပ် တိုက်ခန်းလျှောက်ထားကြသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများသည် မှတ်ပုံတင်နှင့် လျှောက်လွှာနံပါတ်ပါသော ပြေစာများယူဆောင်၍ တိုက်အမှတ်နှင့် အခန်းအမှတ် ယှဉ်တွဲဖော်ပြထားသည့် ပေါက်မဲများကိုပွင့်လင်းမြင်သာစွာ လျှောက်လွှာအမျိုးအစား ၄ မျိုးအား တစ်ပြိုင်နက်တည်းမဲဖောက်ရောင်းချပေးသည်။ တိုက်ခန်းမဲပေါက်သူများအနေဖြင့် လက်ငင်းငွေချေစနစ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ငွေပေးသွင်းဝယ်ယူနိုင်သည်။ ပထမအဆင့် တိုက်ခန်းမဲမပေါက်သူများကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ဆောက်လုပ်မည့် တန်ဖိုးမျှတအိမ်ရာစီမံကိန်း တိုက်ခန်း ၂,၇၀၀ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်ဆောက်လုပ်မည့် တိုက်ခန်း ၃,၆၀၀ စီမံကိန်းများတွင် ထပ်မံလျှောက်လွှာတင်စရာမလိုဘဲ ချထားပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

# စက်ပစ္စည်းများကို တောင်သူလယ်သမားများ ပိုမိုအသုံးပြုလာ

**ဝင်းမြင့်ဦး**

မြောင်းမြမြို့နယ်ရှိ လယ်သမားများ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ သတင်းပေးပို့ချက်အရ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ တောင်သူလယ်သမားအချို့သည် လယ်ယာသုံးစက်ပစ္စည်းများအား ပိုမိုအသုံးပြုလာကြသည်ကို ငွေပင်လယ်မီဒီယာမှ တစ်ဆင့်သိရသည်။

ယင်းသို့လယ်ယာသုံးစက်ပစ္စည်းများအား အားထားလာရခြင်းမှာ လယ်ယာလုပ်သားရှားပါးလာခြင်း၊ ရာသီဥတုမမှန်ကန်ခြင်းများကြောင့် စပါးနှစ်သီး (ဝါ) သုံးသီးစိုက်ပျိုးရာ ကြားကာလ အချိန်တိုတောင်းသွားခြင်းတို့ကြောင့် လူအားထက် စက်အားကို အသုံးပြုနေရကြောင်းသိရသည်။ မိုးစပါးရိတ်ပြီး ဆောင်းစပါးအတွက် ချက်ချင်းပြင်ဆင်ရကြောင်း၊ ရာသီဥတုကိုစိတ်မချ၍ စပါးရိတ်ချိန်တန်သည်နှင့် အချိန်မဆွဲတော့ဘဲ စက်အားဖြင့်အမြန်ရိတ်ပြီး ရေတင်ကာပြန်လည်ထွန်ယက်ကြရသည်။



လယ်ယာသုံးစက်ပစ္စည်းများရောင်းချသည့်ကုမ္ပဏီများ၊ လယ်ယာအသင်းအဖွဲ့များကလည်း ခေတ်မီကောက်ရိတ်စက်၊ လယ်ထွန်စက်၊ လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့်ရောင်းချပေးခြင်း၊ လက်ခစားစနစ်ဖြင့် ငှားရမ်းခြင်းများကို အပြိုင်အဆိုင်ဆောင်ရွက်ကြသည်။ မြေပျော့သည့်ရေနက်ကွင်းကဲ့သို့သောလယ်များတွင် ကောက်ရိတ်စက်ကြီးများကိုမသုံးနိုင်ဘဲ လူအားကိုသာအသုံးပြုနေရသော်လည်း ခေတ်မီစက်ကြီးများမှာ ကောက်ရိတ်ပြီးစပါးခြွေလှေ့၊ စပါးအိတ်သွပ်ပြီးသည်အထိ တစ်ဆက်တည်းလုပ်ဆောင်သွားနိုင်သဖြင့် တောင်သူများအကြိုက်တွေ့နေကြောင်းသိရကာ ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများကို ဝိုင်းကြီးချုပ်စနစ် (သို့) အာမခံပေးသူစနစ်တို့ဖြင့် လက်ငင်း ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိပေးကာ ၂ နှစ်၊ ၃ နှစ်အထိ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

# Ciaz ကား ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချမည်

Suzuki Myanmar Motor ကုမ္ပဏီကမော်ဒယ်မြင့် Ciaz ဇိမ်ခံကားအမျိုးအစားကို ဇန်နဝါရီလကုန်တွင် ပြည်တွင်းဈေးကွက်၌စတင်ရောင်းချမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီအထွေထွေမန်နေဂျာ ကိုမျိုးမင်းထွန်းကပြောသည်။

'Ciaz ကားက ၂၀၁၇ မော်ဒယ်ဖြစ်တာကြောင့် ၂၀၁၇ ခုနှစ်ရဲ့ဇန်နဝါရီလဆန်းပိုင်းမှာ စတင်ထုတ်လုပ်ပြီး လကုန်ပိုင်းမှာ ပြည်တွင်းမှာရှိတဲ့ Suzuki ကားအရောင်းပြခန်းတွေကနေတစ်ဆင့် ရောင်းချသွားမှာပါ' ဟု ၎င်းကပြောသည်။

Ciaz အမျိုးအစားကားများကို တစ်လလျှင်အစီးရေ ၁၅၀ ထုတ်လုပ်ရောင်းချမည့်အပြင်လစဉ် Carry Truck နှင့် Ertiga ကားအမျိုးအစားများကိုလည်း ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်းသိရသည်။

Ciaz ကားအမျိုးအစားများ၏ဈေးနှုန်းကို မသတ်မှတ်ရသေးဘဲ ယင်းကားများ၏ ကားအပိုပစ္စည်းများကို အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ciaz ကားရောင်းချရန် ကုမ္ပဏီမှအရောင်းကိုယ်စားလှယ် ၁၉ ဦးခန့်အပ်ထားပြီး Suzuki Myanmar Motor ကုမ္ပဏီကဖွင့်လှစ်ထားသည့် အရောင်းပြခန်း ၁၆ ခုမှတစ်ဆင့် ရောင်းချမည်ဖြစ်ကြောင်းသိရသည်။

**မြို့သားလေး**

# ဝက်မွေးမြူသူနည်းပါးလာ၍ ဝက်သားဈေးနှုန်းမြင့်တက်

**ဝင်းမြင့်ဦး**

ဝက်မွေးမြူသူနည်းပါးလာခြင်းကြောင့် ဝက်သားထုတ်လုပ်မှုကျဆင်းလာပြီး ဝက်သားဈေးနှုန်းမြင့်တက်လာကြောင်း ဝက်မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။ ဝက်မွေးမြူရာတွင် ဝက်များအားလုံးနီးပါးသေခဲ့၍ ဆုံးရှုံးမှုများလာခြင်းကြောင့် မွေးမြူသူများကစိုးရိမ်ပြီး မမွေးကြခြင်းဖြစ်ကြောင်းသိရသည်။ ဝက်သားထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် ဝက်သားဈေးမှာမြင့်တက်လာပြီး ယခင်ကတစ်ပိဿာလျှင် ကျပ် ၄,၀၀၀ မှလက်ရှိတွင် တစ်ပိဿာလျှင် ကျပ် ၄,၃၀၀ အထိရှိလာသည်။

မျိုးဝက်ရှားပါးခြင်းကြောင့် လုပ်ငန်းရှင်များသည် ဝက်မျိုးများကိုပြန်လည်သားဖောက်ရောင်းချလျက်ရှိ သည်။ ယခင်က မျိုးဝက်တစ်ကောင်လျှင် ကျပ် ၅၀,၀၀၀ မှကျပ် ၅၅,၀၀၀ ဝန်းကျင်ခန့်ရှိပြီး လက်ရှိတွင် တစ်ကောင်လျှင် ကျပ် ၇၀,၀၀၀ မှ ကျပ် ၈၀,၀၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။ ဝက်သားကို ရန်ကုန်ဈေးကွက်သို့အဓိကတင်ပို့ပြီး ယခင်နှစ်များက ကားအစီး ၂၀၊ ၂၅ စီးတင်ပို့နိုင်သော်လည်း ဝက်သားရှားလာခြင်းကြောင့် ယခုနှစ်တွင် ၅ စီး၊ ၇ စီးခန့်သာ တင်ပို့နိုင်ကြောင်းသိရသည်။



# မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး ဥပဒေနှင့်အညီ ပံ့ပိုးကူညီမည်



တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် တစ်နိုင်ငံလုံးအချိုးညီညီ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၊ နေ့လယ် ၁ နာရီက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကနောင်ခန်းမ၌ကျင်းပသည့် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးအောင် ပေါင်းစပ်စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဥပဒေနှင့်အညီပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်မည့် စက်မှုဇုန်ကြီးဖြစ်အောင်ကြိုးစားကြပြီး ဆက်လက်၍ အာဆီယံစီးပွားရေးဇုန်ကြီးတစ်ခုဖြစ်လာအောင် ညီညီညွတ်ညွတ်ဖြင့်စုပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။ ဆက်လက်၍ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဂုဏ်ထူးဆောင်နာယက ဦးအောင်ဝင်းခိုင်နှင့်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက စက်မှုဇုန်အကြောင်းသိကောင်းစရာအချက်အလက်များကို Projector နှင့်တကွရှင်းလင်းတင်ပြပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ (၁) ဦးနေဝင်းက မန္တလေးစက်မှုဇုန်အတွင်းရှိ SME လုပ်ငန်းများအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် အခမ်းအနားသို့တက်ရောက်လာကြသော စက်မှုလုပ်ငန်းရှင်များက မန္တလေးစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

မန္တလေးစက်မှုဇုန်ကို မန္တလေးမြို့တွင်းရှိ လုပ်ငန်းရှင် ၇၀၀ ဦးခန့်ဖြင့် ၁၉၉၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၏ အရှေ့ဘက် ပြည်ကြီးတံခွန်မြို့နယ်တွင် တည်ထောင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် စိန်ပန်းရပ်ကွက်အတွင်းရှိ လုပ်ငန်းရှင် ၆၇၀ ဦးခန့်ကို ထပ်မံပြောင်းရွှေ့၍ စက်မှုဇုန်အပိုင်း ၂ ကိုတည်ထောင်ခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်တွင် စက်မှုဇုန်အပိုင်း ၃ ကို ထပ်မံတိုးချဲ့တည်ထောင်ခဲ့သည်။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့ နယ်တွင် စက်မှုဇုန် ၃ ခုရှိပြီး ဧရိယာအကျယ်အဝန်း ၁,၈၂၀ ဧကတွင် လုပ်ငန်းအမျိုးအစားပေါင်း ၁၃ မျိုး နှင့်အကြီးစားစက်မှုလုပ်ငန်း ၃၈၅ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၃၁၁ ခု၊ အသေးစားစက်မှုလုပ်ငန်း ၅၆၁ ခု၊ စုစုပေါင်းစက်မှုလုပ်ငန်း ၁,၂၅၇ ခုဖြင့်လည်ပတ်လျက်ရှိပြီး စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့်ဒေသတွင်းလုပ်ငန်းများတွင် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအနေဖြင့် နည်းပညာရရှိရေး၊ ကျွမ်းကျင်လုပ်သားများရရှိရေး၊ ကုန်စည်ပြပွဲပြိုင်ပွဲများ၊ စက်မှုဇုန်အတွင်းခင်းကျင်းပြသနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်တွင် ‘စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း’ ဖွင့်

စက်မှုဝန်ကြီးဌာနနှင့်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ‘စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း’ အမှတ်စဉ် (၃၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့သည်။




အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်ကကျေးဇူးတင်စကားပြောကြားပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး၊ တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး (ပညာရေးမြှင့်တင်မှုကော်မတီ)နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ မကွေးတိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ မင်းတုန်းမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ နည်းပြဆရာ၊ ဆရာမများနှင့်သင်တန်းသား ၉၆ ဦးတို့တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို (၉-၁-၂၀၁၇) ရက်နေ့မှ (၂၃-၁-၂၀၁၇) ရက်နေ့အထိ ရက်သတ္တ ၂ ပတ်ကြာ အခြေခံလျှပ်စစ်ဘာသာရပ်၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့်မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်တို့အား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကျွမ်းကျင်မှုအခြေပြု သင်တန်းများဆင်း

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့်စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဂျပန်နိုင်ငံရန်ပုံငွေ Japan Fund for Poverty Reduction (JFPR) အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လူတိုင်းအကြုံးဝင်သည့် ဖွံ့ဖြိုးမှုအတွက် ကျွမ်းကျင်မှုများတိုးတက်ရေး (Skills Development for Inclusive Growth) ရွေ့ပြေးစီမံချက်အရ ကျွမ်းကျင်မှုအခြေပြု နည်းပညာနှင့်သက်မွေးပညာ (Competency-Based Techanical and Vocational Education and Training - TVET) ကာလတိုသင်တန်းများကို စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တို့တွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့၊ နံနက် ၈ နာရီတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၌ သံဂဟေဆက်သင်တန်း၊ ဓာတ်ငွေ့သုံး သံဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းနှင့် စိုက်ပျိုးရေးစက်ပစ္စည်းများပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားကိုကျင်းပပြုလုပ်ခဲ့ရာအခမ်းအနားသို့ ပခုက္ကူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှဆရာ/ဆရာမများ၊ သင်တန်းဆင်းသင်တန်းသား/သူ ၄၃ ဦးနှင့် ပုံမှန်တစ်နှစ်သင်တန်းသားများတက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပခုက္ကူခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်တို့က သံဂဟေဆက်သင်တန်း (MMAW/ SMAW Welding Course) နှင့် ဓာတ်ငွေ့သုံး သံဂဟေဆက်သင်တန်း (MIG/MAG Welding Course) တို့တွင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority-NSSA) ကျွမ်းကျင်မှုအဆင့် (၁) အောင်လက်မှတ်ရသင်တန်းသား ၃ ဦး၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း (Motor Cycle Mechanic Course) နှင့် စိုက်ပျိုးရေးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (Maintenance and Repair for Small Farm Equipment Course) တို့တွင် စက်မှုဝန်ကြီးဌာန ကျွမ်းကျင်မှုအသိအမှတ်ပြုသင်တန်းသား ၁၅ ဦးနှင့် သင်တန်းဆင်းများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် မြန်မာကျပ်ငွေ ၁၂၄.၀၉၄ ကျပ်သန်းတန်ဖိုးရှိ စက်ပစ္စည်းများကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှထောက်ပံ့ပေးပြီး Welding Booth များတည်ဆောက်ခြင်းနှင့် လျှပ်စစ်သွယ်တန်းခြင်းတို့အတွက် ၃၅.၈၉၅ ကျပ်သန်းအား စက်မှုဝန်ကြီးဌာနမှပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းတက်ရောက်မည့်သင်တန်းသားများအတွက် သင်တန်းကြေး၊ နေထိုင်စရိတ်များအား စက်မှုဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ထားရှိပြီး သင်တန်းဆင်းများအတွက် အလုပ်အကိုင်ရရှိရေးကိုပါ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကာ သက်မွေးပညာသင်တန်း (၄) ခုကိုလည်း ဖေဖော်ဝါရီလအတွင်း ထပ်မံဖွင့်လှစ်သွားရန်ရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) နှင့်စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများမှာ မြန်မာနိုင်ငံတွင် ပထမဆုံးဆောင်ရွက်သည့် ရွေ့ပြေးစီမံချက်ဖြစ်ပြီး စက်မှုဝန်ကြီးဌာနမှဖွင့်လှစ်ထားသော စက်မှုသင်တန်းကျောင်းများတွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော စက်မှုနှင့်သက်မွေးပညာသင်ကာလတို ၃ လ သင်တန်းများကို ထပ်မံပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


# ဆန်ကော၊ ဆန်ခါ၊ တင်းတောင်းရက်လုပ်ငန်းများဖြင့် တွဲဖက်စီးပွားဖြစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ တစ်မိုက်သာကျေးရွာရှိ တောင်သူများမှာ ဘိုးဘွားဘီဘင်လက်ထက်ကတည်းကယခုလက်ရှိကာလအထိ တောင်သူလုပ်ငန်းများအပြင် ဆန်ကော၊ ဆန်ခါ၊ တင်းတောင်းရက်လုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆန်ကော၊ ဆန်ခါ၊ တင်းတောင်းလုပ်ငန်းများတွင် ဝါးနှင့်ကြိမ်ကို အဓိကထားလုပ်ကိုင်ရသဖြင့် ဝါးတစ်လုံးကို ၆၀၀ ကျပ်ဖြင့် ဝယ်ယူရပြီး၊ ကြိမ်ကိုတစ်လုံး ၁၃၀ ကျပ်မှ ၁၅၀ ကျပ်အထိ မန္တလေးတွင်ဝယ်ယူရကာ ဝါးတစ်လုံးလျှင်ဆန်ကော သုံးချပ်ရရှိပြီး တစ်နေ့လျှင် ဆန်ကောငါးချပ်အထိရက်လုပ်နိုင်ကာ လူတစ်ဦးဝင်ငွေရက်လုပ်ခ ငွေကျပ် ၂,၅၀၀ ရရှိကြောင်းသိရသည်။

ဆန်ကောတစ်ချပ်လျှင် ဈေးကွက်အတွင်း ၁,၂၀၀ ကျပ်မှ ၁,၈၀၀ ကျပ်အထိရရှိကာ ကလေးများကိုလည်း လက်ဆင့်ကမ်းအမွေအဖြစ် သင်ကြားပေးလျက်ရှိကြောင်းသိရသည်။ အဆိုပါ တစ်မိုက်သာကျေးရွာထွက် ဆန်ကော၊ ဆန်ခါ၊ တင်းတောင်းတို့မှာ သပ်ရပ်ခိုင်မာသည့်အတွက် ဈေးကွက်တွင်ရောင်းအားကောင်းနေကြောင်းသိရသည်။





**ဝင်းမြင့်ဦး**

MRG

# MYOTHA INDUSTRIAL PARK CITY ( MIP )

" မန္တလေး–မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းကြီး "

MMID





- နိုင်ငံတော်၏ အနာဂါတ်စီးပွားရေးတွင် အချက်အချာအကျဆုံးနှင့် တဟုန်ထိုး ဖွံ့ဖြိုးမှု မြန်ဆန်နေသည့် မန္တလေးမြို့နှင့် အလှမ်းမဝေးသည့် နေရာဖြစ်ခြင်း၊
- မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး အစိုးရပိုင်ဖြစ်ပြီး MMID အများပိုင်ကုမ္ပဏီမှ Master Developer တာဝန် ယူတည်ဆောက်ကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်သည့် စီမံကိန်းဖြစ်ခြင်း၊
- အသင့်ဆောက်လုပ်ပြီး Standard Factory များ ပါရှိကာ လုပ်ငန်းရှင်/ရင်းနှီးမြှုပ်နှံလိုသူများအတွက် ကနဦး ရင်းနှီးမြှုပ်နှံသူများ အထူးအခွင့်အလမ်း ( Early Bird Opportunity ) များကို ရစေမည့် အချိန်ကောင်းဖြစ်ခြင်း၊
- Factory Zone, Business Zone, Logestic & Residential Zone များပါရှိပြီး စက်ရုံများလည် ပတ်နေသည့် အပြင် အာရှဟိုင်းဝေးလမ်းမကြီးများ အနီးတည်ရှိပြီး ပြည်တွင်း၊ ပြည်ပနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ ရင်းနှီးမြှုပ်နှံရန် လက်လွှတ်မခံသင့်သည့် နေရာကောင်း ဖြစ်ခြင်း၊
- လျှပ်စစ်မီး၊ ရေ၊ လမ်း စသည့် ( Infrastructure ) အခြေခံကောင်းများ ဆောင်ရွက်ထားပြီးဖြစ်ကာ စက်ရုံ၊ အလုပ်ရုံ၊ အဆင့်မြင့် အိမ်ယာများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ရေကို ဧရာဝတီ မြစ်မှ တိုက်ရိုက်သွယ်ယူ ပေးထားပြီး ပတ်ဝန်းကျင် စိမ်းလန်းရေးအတွက်ပါ ဆောင်ရွက်ထားခြင်း၊
- စက်မှုဥယျာဉ်နှင့် ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းကို တိုက်ရိုက်လမ်းဖောက်လုပ်ထားကာ မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုသည့် တန် (၅၀) Pontoon Crane Barge တည်ဆောက်ပြီးဖြစ်သည့်ပြင် စက်မှုဥယျာဉ်နှင့်အတူ ၁၈ ကျင်းပါ ကမ္ဘာ့ အဆင့်မီ ဂေါက်ကွင်းကိုပါ တည်ဆောက်လျက်ရှိခြင်း၊

FORCE-09-2038908

ဆက်သွယ်စုံစမ်းရန်၊ ၀၉ – ၃၃၀၆၄၈၉၆၊ ၀၉–၃၃၀၆၄၈၉၇ (မန္တလေး) ၀၉–၇၈၄၉၆၃၃၂၆၊ ၀၉–၅၁၆၈၅၈၀ (ရန်ကုန်)၊ ၀၉ – ၇၉၆၁၃၃၁၅၅ (နေပြည်တော်) www.mmidproject.com



BGWD

# BAWGAWADI COMPANY LIMITED

ဘောဂဝတီကုမ္ပဏီလီမိတက်



## AUTOMOBILE TIMMING BELTS








**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm

# အမှတ် (၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း




Ahlone Road , Ahlone Township , Yangon , Myanmar. Ph: +951 2302216 , +951 2302217

Fax: +951 2302215 , email : ahloneport1.ygn@gmail.com



## SHWE AUNG NAING
**Industrial Company Limited**
**GLASS & ALUMINIUM**

SAN

**ကျွန်တော်တို့ Company မှရရှိနိုင်သောဝန်ဆောင်မှုများမှာ-**

၁။ မှန် အမျိုးမျိုးကို ပြုပြင်ထုတ်လုပ်ပေးခြင်း။
၂။ မှန် အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း။
၃။ မှန် နှင့် အလူမီနီယံ Window & door အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း။
၄။ မှန် နှင့် အလူမီနီယံ တံခါး အမျိုးမျိုးကို ဒီဇိုင်းဆွဲပေးခြင်း နှင့် တပ်ဆင်ပေးခြင်း။
၅။ မှန် နှင့် အလူမီနီယံ Spare Parts အမျိုးမျိုးရောင်းချပေးခြင်း။

**မှန်နှင့်ပတ်သက်၍ ရရှိနိုင်သောအခြားသောဝန်ဆောင်မှုများမှာ**

၁။ မှန် အမျိုးမျိုးကို Tempered သွင်းပေးခြင်း နှင့် Laminated လုပ်ပေးခြင်း။
၂။ သဲမှုတ်ပေးခြင်း။
၃။ ဖောင်းသွေးပေးခြင်း။
၄။ မှန်ဆိုဒ်ကြီးအမျိုးမျိုးကို ဖြတ်ပေးခြင်း။
၅။ မှန် အပေါက် ဖောက်ပေးခြင်း။
၆။ Polish တိုက်ပေးခြင်း။
၇။ အဝိုင်း၊ ဘဲဥပုံဆိုဒ် အမျိုးမျိုးကို ဖြတ်တောက်ပေးခြင်း။
၈။ Glass Drawing ဆွဲပေးခြင်းတို့ကို လူကြီးမင်းတို့ စိတ်တိုင်းကျတာဝန်ယူဆောင်ရွက်ပေးပါသည်။
၉။ ဇေတီးလက်ရန်းမှန်၊ ရေချိုးခန်းမှန်၊ စားပွဲဝိုင်းမှန် အမျိုးမျိုးကို ရရှိနိုင်ပါသည်။

အကယ်၍ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်ပြီး စုံစမ်းမေးမြန်းနိုင်ပါသည်။
လူကြီးမင်းတို့ ထံသို့ လာရောက် ရှင်းပြနိုင်ပါသည်။








**Head Office & Show Room (1)**
No.8/10, Ground Floor, South Horse Race Course Road, Tamwe. Ph-09 261200003, 09 261200004, 09 261200005, 01 400105

**Show Room (2)**
No.48 Building(E-3), Thiriyadanar Wholesales Market, No.3 High Way Road, Mingalardon Township, Yangon Myanmar. Ph - 09 31819222

**Factory**
Block No (192), 10th Street, Yangon Industrial Zone, Myay Tine Quarter, Mingalardon Township, Yangon, Myanmar. Phone - 09 261777858, 09 261777868, 09 31819000




## YANGON METAL INDUSTRY CO.,LTD.











99.99%
Lead and
Lead alloys

**Office Address:**
No. F/S 14, shwe Sabei Yeik Mon,
Bayintnaung Rd., Kamayut Township, Yangon, Myanmar.
Ph:01 527667, 01 701719~20,09 73099669

**Factory Address:**
Block No. 261-263, Parami Street, Myaungdakar Industrial Zone,
Hmawbi Township, Yangon, Myanmar.
Ph: 09 8600157, 09 73155729, 09 8610944
E-mail : info@yangonmetal.com,
Website : www.yangonmetal.com

ISO 9001:2008 SGS
UKAS QUALITY MANAGEMENT 005




# Miss Myanmar Charity Queen Award 2015 ဆုရှင် သွန်းရတီ၏ ကျေးဇူးတင်လွှာ



**သမီးရဲ့အနုပညာခရီးလမ်းတစ်နေရာမှာ သားသမီးတစ်ဦးကဲ့သို့ မေတ္တာစေတနာများဖြင့် ပံ့ပိုးပေးခဲ့ကြတဲ့ ဦးယုခင် (နယူးတိုင်စင်၊ လပ်ကီးတိုင်စင်) မိသားစု၊ ဦးသိန်းတင် (OK ကုန်စုံဆိုင်- ၁၇ လမ်း၊ ရန်ကုန်မြို့) မိသားစု၊ ဦးတင်သိန်းနှင့်အဖွဲ့ (၁၈-လမ်း၊ ရန်ကုန်မြို့)၊ ကိုဝေယံနှင့်အဖွဲ့ (၁၃-လမ်း၊ ရန်ကုန်မြို့)၊ ဒီဇိုင်နာ မရွှန်းလဲ့ပွင့်တို့အားလုံး ၂၀၁၇ ခုနှစ် နှစ်သစ်မှစ၍ ကျန်းမာပျော်ရွှင်ပြီး ကောင်းသောအရာများသာတွေ့ကြုံပါစေ၊ မကောင်းသောကိစ္စဟူသမျှမတွေ့မရှိကြဘဲ ပြုံးပျော်လန်းဆန်းလျက် အောင်မြင်မှုအသီးသီးရရှိနိုင်ကြပါစေ ...။**

**အားလုံးကို ကျေးဇူးတင်လျက် .. သွန်းရတီ**

## အနုပညာလမ်းမှာ ဆက်လက်ရှင်သန်နေမယ့် 'သွန်းရတီ'



လတ်တလော အနုပညာလှုပ်ရှားမှုအဖြစ် တေးရေးမင်းကိုစီစဉ်ထားတဲ့ 'သီချင်းလေးနဲ့ခရီးဆက်မယ်' အမှတ် (၂) အခွေမှ 'မပြောင်းဘူး' ဆိုတဲ့သီချင်းကို သီဆိုထားပါတယ်။

သရုပ်ဆောင်နဲ့ပတ်သက်လို့ ဗီဒီယို ၂ ကားရိုက်ကူးထားသလို တေးသံရှင်နိုရင်း၊ အိုင်းရင်းဇင်မာမြင့်၊ မိုးသက်နိုင်စတဲ့ တေးသံရှင်များရဲ့သီချင်းတွေမှာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ ပရဟိတအလုပ်တွေကိုတော့ နာရေးကူညီမှုအသင်း (ရန်ကုန်) မှာ သမီးတတ်နိုင်တဲ့ဘက်က လုပ်အားပေးပါဝင်ဆောင်ရွက်နေပါတယ်။ ပရဟိတဖခင်မင်းသားကြီး ဦးကျော်သူမွေးနေ့အမှတ်တရ

**စာမျက်နှာ ၉ သို့ -**